ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (13-2-2005)(၄၅၀၈)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အောက်ပုံ) (သတင်းစဉ်)

## ပြည်ထောင်စုကြီးကို အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေး အားမာန်များ



ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်း ဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်စေရအောင် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေး အားမာန်များဖြစ်သည်မှာ ထင်ရှားလှပါသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ညနေ ၆နာရီခွဲတွင် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းသို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆




**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၃–၂–၂၀၀၅
(တနင်္ဂနွေနေ့)

# ပြည်ထောင်စုကြီးတင့်တယ်ဝင့်ထည်စွာရပ်တည်နိုင်ရေး အမျိုးသားရေးအားမာန်ဖြင့်ညီညာဖြဖြကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့ရာတွင် **ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ကျွန်ုပ်တို့ ပြည်ထောင်စုကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်နိုင်စေရအောင် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များဖြစ်သည်မှာ ထင်ရှားလှပါသည်** ဟူ၍ ဖော်ပြပါရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် ထွန်းပြောင်မြင့်မားသော နိုင်ငံဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် ပြည်ထောင်စုကြီးအတွင်း သမိုင်းအစဉ်အဆက်နှစ်ပရိစ္ဆေဒကြာမြင့်စွာ ဥမကွဲသိုက်မပျက်နေထိုင်လာခဲ့ကြရာ တိုင်းရင်းသား သွေးချင်းများ၏ စိတ်သန္တာန်တွင် ပြည်ထောင်စုစိတ်ဓာတ်သည် အစဉ်ရှင်သန်နိုးကြားလျက်ရှိသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုစွမ်းပကားနှင့် ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူ ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။

ဤကဲ့သို့ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စတင်သန္ဓေတည်ပေးနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကြီးသည် တိုင်းရင်းသားလူမျိုးအားလုံးအတွက် သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။ တိုင်းရင်းသား လူမျိုးများအားလုံးအတွက် ထူးခြားမွန်မြတ်ပြီး အမျိုးသားရေးအနှစ်သာရနှင့် ပြည့်ဝလှသော သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ရာ သားစဉ်မြေးဆက် ထာဝရတန်ဖိုးထားအောက်မေ့သတိရနေကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အတိတ်သမိုင်း သင်ခန်းစာများကိုရယူပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သည်။

ယခုအခါ တစ်မျိုးသားလုံး၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိကျခိုင်မာစွာချမှတ်ပြီး အဓိကအကျဆုံးနှင့်ပထမဆုံးသော လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။

တစ်ချိန်တည်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်က ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်နှင့် ပြည်သူတို့က အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး အမျိုးသားရေး အားမာန်လည်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက် ခိုင်မာရင့်သန် ထွန်းကားပြန့်ပွားစေရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ထာဝရရပ်တည်နိုင်စေရေးအတွက် အမျိုးသားရေးအားမာန်ဖြင့် ညီညာဖြဖြ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယ

**စည်းလုံးခြင်းသည်အင်အား**

**“တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် မည်သို့သော အဖျက်အမှောင့် မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”**

# (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကလေးငယ်များ ကာယ၊ ဉာဏဘက်စုံစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကလေးငယ်များ ကာယ၊ ဉာဏဘက်စုံစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦး၊ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့်အသင်းဝင်များ၊ အလှူရှင် Dumex ကုမ္ပဏီမှ ပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင် ကလေးငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မိခင်နှင့် ကလေးတို့၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့်ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးသည့် ကလေးများဖြစ်လာစေရေး ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မူလတန်းကြို ကလေးငယ်များ၏ ချစ်စရာအရွယ်ကစားကြမယ် ဘက်စုံစွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ချစ်စရာအရွယ်ကစားကြမယ် ဘက်စုံစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်တွင်း မူလတန်းကြိုကျောင်းမှ ကလေးငယ်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (ရန်ကုန်တိုင်း)

**ပေးအပ်ချီးမြှင့်**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ချစ်စရာအရွယ် ကစားကြမယ် ဘက်စုံ စွမ်းရည်ပြိုင်ပွဲ ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်တွင်း မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါ်အေးအေးက ဒုတိယဆုရရှိသည့် ကလေးငယ်များအားလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက တတိယဆုရရှိသည့် ကလေးငယ်များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ကဗျာ၊ ပုံပြင်၊ သီချင်း ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ကြသည့် ကလေးငယ်များ၏ သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၏ ဇနီး ဒေါ်သဇင်နွယ်က ကဗျာပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ခင်နွယ်နွယ်က ပုံပြင်ပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအားလည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက သီချင်းပြိုင်ပွဲ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ပြိုင်ပွဲဝင် ကလေးငယ်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အီရတ်နှစ်ဦးကို ပစ်သတ်မှုဖြင့် စွဲချက်တင်ခံရ

မိုင်ယာမီ ဖေဖော်ဝါရီ ၁၁

**အီရတ်နိုင်ငံရှိ လက်နက်များ လျှို့ဝှက်ထားသည့်နေရာအနီး မော်တော်ယာဉ်တစ်စီးအား ရှာဖွေစဉ်အတွင်း အီရတ်နိုင်ငံသားနှစ်ဦးကို ပစ်သတ်ခဲ့သည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးအား လူသတ်ရန် ကြိုတင်စီစဉ်မှုဖြင့် စွပ်စွဲထားရာ သေဒဏ်အပြစ်ပေးမှုဖြင့် ရင်ဆိုင်နေရကြောင်း မရိန်းတပ်ဖွဲ့ဝင်၏ရှေ့နေက ကြာသပတေးနေ့က ပြောကြားသည်။ အဆိုပါမရိန်းတပ်ဖွဲ့ဝင်သည် ဒုတိယဗိုလ်ပန်တာနိုဖြစ်ပြီး အီရတ်နှစ်ဦးအား ၂၀၀၄ ခုနှစ် ဧပြီ ၁၅ ရက်က စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုတစ်ခု ပြုလုပ်နေစဉ်အတွင်း သတ်ပစ်ရာတွင် ပါဝင်ပတ်သက်မှုဖြင့် ဖေဖော်ဝါရီ ၁ ရက်က စွဲချက်တင်ခံခဲ့ရသည်ဟု မရိန်းတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။**

အသက် ၃၃ နှစ်ရှိ ဖော်ပြပါ မရိန်းတပ်ဖွဲ့ဝင်အား ကြိုတင်စီစဉ်သည့် လူသတ်မှုဖြင့် စွဲချက်တင်ထားကြောင်း၊ ၎င်းပြစ်မှုမကျူးလွန်သည်မှာအခိုင်အမာပင်ဖြစ်ကြောင်း ပန်တာနို၏ အရပ်သားရှေ့နေ ချားလ်စ် ဂစ်တင်ကပြောကြားသည်။ ပန်တာနိုသည် မရိန်းတပ်စိတ်မှူးတစ်ဦးဖြစ်ပြီး ဘဂ္ဂဒက်တောင်ပိုင်းရှိ တွန်းလှန်တိုက်ခိုက်ရေးသမားတစ်ဦး၏ ပုန်းအောင်းရာနေရာဟု သင်္ကာမကင်းဖြစ်ရသည့် နေရာတစ်ခုအား ရှာဖွေရန်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

## တွေ့ရှိ

မရိန်းတပ်ဖွဲ့ဝင်များက အဆောက်အအုံတစ်ခုအတွင်း လက်နက်များ၊ ခဲယမ်း မီးကျောက်နှင့် ဗုံးလုပ်သည့်ပစ္စည်း ကိရိယာများကိုတွေ့ရှိခဲ့ပြီး လူနှစ်ဦး အမိုးဖွင့်မော်တော်ယာဉ်စီးကာထွက်ပြေးသွားသည်ကို တွေ့မြင်ခဲ့ကြကြောင်း ဂစ်တင်က ပြောကြားသည်။

မရိန်းတပ်ဖွဲ့ဝင်များက အဆိုပါ မော်တော်ယာဉ်ရပ်သွားစေရန် သေနတ်ဖြင့် ပစ်ခတ်ပြီး အဆိုပါ လူနှစ်ဦးအား ဖမ်းထားကာ မော်တော်ယာဉ်ကို ရှာဖွေရာ လျှို့ဝှက်အခန်းငယ်အတွင်း ထောင်ချောက်ဗုံးများတွေ့ရှိခဲ့ကြောင်း၊ ဂစ်တင်က ပြောကြားသည်။ လူနှစ်ဦးအနက် တစ်ဦးက ပန်တာနိုအား တိုက်ခိုက်ရန် ရှေ့တိုးလာခဲ့ကြောင်း ပန်တာနိုကရပ်ဆိုင်းရန် အမိန့်ပေးရာ ၎င်းလူနှစ်ဦး ထွက်ပြေးကြကြောင်း၊ ပန်တာနိုက အန္တရာယ်ရှိပြီအထင်ဖြင့် သေနတ်ဖြင့် ပစ်ခတ်ကြောင်း၊ အမိန့်မနာခံသည့် အကြမ်းဖက်သမားများအား မိမိတို့ မည်သို့မည်ပုံ လုပ်ရမည်နည်း၊ ယင်းအချိန်သည် ကိုယ်ကသတ်လျှင်သတ် မသတ်လျှင် သေရမည့် အခြေအနေမျိုးဖြစ်ကြောင်း၊ အဆိုပါ လူနှစ်ဦးအဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်မည်ကို စိုးရိမ်ကြောင်း ဂစ်တင်က ဆက်လက် ပြောကြားသည်။

စုံစမ်းစစ်ဆေးသူများက ပန်တာနိုအနေဖြင့် စစ်ခုံရုံးတွင် စစ်ဆေးခံရမည်ဖြစ်ပြီး အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်မှုဖြင့် အပြစ်ပေးခံရနိုင်ဖွယ်ရှိကြောင်း သို့တည်းမဟုတ် စွဲချက်အား ပယ်ချနိုင်ကြောင်း ပြောကြားကြသည်။ ***အင်တာနက်။***



**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ အထည်အလိပ် ဈေး၏ မြင်ကွင်း တစ်နေရာကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့မြင်ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# ဆာအတ်ထိပ်သီးအစည်းအဝေး ဆောလျင်စွာကျင်းပရေး ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ တိုက်တွန်း

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၁**

ပါကစ္စတန်နှင့်သီရိလင်္ကာနိုင်ငံတို့က တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်) ထိပ်သီးအစည်းအဝေးကို ဆောလျင်စွာကျင်းပသွားရန် တိုက်တွန်းခဲ့ကြောင်း အဆိုဆီရိတ်တက်ပရက်(စ်)ပါကစ္စတန် သတင်းဌာနက ဖော်ပြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပရန်စီစဉ်ထားသော ဆာအတ်ထိပ်သီးအစည်းအဝေးမှာ အခြေအနေကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရသည်။

## လိုအပ်နေ

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် ရှော့ကတ်အာဇစ်နှင့် သီရိလင်္ကာသမ္မတ မစ္စစ်ချန်ဒရိကာ ကုမာရတွန်ဂါတို့ တွေ့ဆုံကြစဉ် ဆာအတ်ထိပ်သီးအစည်းအဝေး အမြန်ဆုံးကျင်းပသွားရန် လိုအပ်နေခြင်း ဖြစ်ကြောင်း သဘောတူခဲ့ကြခြင်းဖြစ်သည်။ သီရိလင်္ကာသမ္မတသည် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်လျက်ရှိသည်။

ဆာအတ် အစည်းအဝေး အချိန်စောနိုင်သမျှ စောစောကျင်းပသွားရေးကိစ္စကို မိမိတို့ လိုလားနေကြခြင်းဖြစ်သည်ဟု သီရိလင်္ကာသမ္မတက ပြောကြားသည်။ ပါကစ္စတန်ဝန်ကြီးချုပ် အာဇစ်မှာ လက်ရှိအခြေအနေတွင် ဆာအတ်အဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ယူထားသူ ဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် ဆာအတ်ထိပ်သီးအဖွဲ့ အစည်းအဝေးကို ဆောလျင်စွာ ကျင်းပရေးနှင့် အဖွဲ့ကြီး ပိုမိုတောင်တင်ခိုင်မာရေးကို လိုလားလျက်ရှိကြောင်း အာဇစ်က ပြောကြားခဲ့သည်။

ဒါကာမြို့တွင် ကျင်းပမည့် ဆာအတ်အဖွဲ့ အစည်းအဝေးကို ရွှေ့ဆိုင်းရသည့်ကိစ္စကို ပါကစ္စတန်နှင့် သီရိလင်္ကာနှစ်နိုင်ငံစလုံးက စိတ်ပျက်လက်ပျက်ဖြစ်လျက်ရှိကြကြောင်း သတင်းများအရ သိရသည်။

ကျင်းပသွားရန်ရှိသော ဆာအတ်အဖွဲ့ အစည်းအဝေးမှာ (၁၃)ကြိမ်မြောက် ဆာအတ်ထိပ်သီး အစည်းအဝေးဖြစ်ပြီး ထိုအစည်းအဝေးကျင်းပရန်အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်မှာ နှစ်ကြိမ် ရှိသွားပြီဖြစ်သည်။ ပထမအကြိမ်အစည်းအဝေးကို ရွှေ့ဆိုင်းရစဉ်က အစည်းအဝေးကို ဇန်နဝါရီ ၉ ရက်တွင် ကျင်းပရန် ဆောင်ရွက်ထားသော်လည်း ဒီဇင်ဘာ ၂၆ ရက်တွင် ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသဖြင့် အစည်းအဝေးရက်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်၏။

ဒုတိယအကြိမ်အဖြစ် ကြိုးပမ်းရာတွင် အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက်တွင်ကျင်းပသွားရန် ဖြစ်သော်လည်း အိန္ဒိယနိုင်ငံ ခေါင်းဆောင်က အစည်းအဝေးကို တက်ရောက်နိုင်မည်မဟုတ်ကြောင်း အစည်းအဝေး အချိန်နီးမှ ကြေညာခဲ့သဖြင့် အစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

သီရိလင်္ကာနှင့်ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား သဘောတူညီချက်စာချုပ်လေးခုနှင့် သဘောတူညီချက်စာချွန်လွှာ လဲလှယ်မှုနှစ်ခု ရှိထားပြီးဖြစ်သည့်အပြင် လွတ်လပ်စွာကုန်သွယ်မှုဒေသ ထူထောင်ရန်လည်း သဘောတူညီထားခဲ့ကြကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




# နိုင်ငံတကာအဆင့်မြို့ကြီးအဖြစ်သို့ မွမ်ဘိုင်းမြို့ကို မွမ်းမံတည်ဆောက်မည်

**မွမ်ဘိုင်း ဖေဖော်ဝါရီ ၁၀**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရာရှတြာပြည်နယ် အစိုးရအဖွဲ့သည် မွမ်ဘိုင်းမြို့(ယခင်ဘုံဘေမြို့)ကို တရုတ်နိုင်ငံမှ ရှန်ဟိုင်းမြို့ကဲ့သို့ နိုင်ငံတကာအဆင့်ရှိ မြို့ကြီးတစ်မြို့အဖြစ်သို့ မွမ်းမံသွားမည့် အစီအစဉ်များကို ရေးဆွဲချမှတ်ထားပြီဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဗီလာစလောင်းဒက်ရှ်မွတ်ခ်က အင်္ဂါနေ့တွင် ပြောကြားသည်။

## ရေးဆွဲထား

မွမ်ဘိုင်းမြို့ကို မွမ်းမံပြင်ဆင်ရေးအတွက် ရူပီး ၃၁ ဒသမ ၅ ဘီလီယံ အသုံးပြုဆောင်ရွက်သွားမည့် အစီအစဉ်များကို ရေးဆွဲထားကြောင်း ဒက်ရှ်မွတ်ခ်က ပီတီအိုင် သတင်းဌာနနှင့် လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

မွမ်ဘိုင်းမြို့ကို နိုင်ငံတကာမြို့ကြီးတစ်မြို့အဖြစ်သို့ ပြုပြင်တည်ဆောက်မည့် အစီအစဉ်များတွင် မြေအောက်ရထားလမ်းစီမံကိန်း၊ ပင်လယ်ဆိပ်ကမ်းနှင့် ဆက်စပ်နေသော လုပ်ငန်းစီမံကိန်း၊ မြို့ပတ်ရထားလမ်း စီမံကိန်း၊ ဝါဒါဟာ ထရပ်ကားဂိတ် တည်ဆောက်ရေးစီမံကိန်း၊ နိုင်ငံတကာလေဆိပ် သာယာလှပရေး စီမံကိန်း၊ မြို့ပြအခြေခံအဆောက်အအုံ စီမံကိန်းနှင့် အက်ဒွပ်ဘုရင် အထိမ်းအမှတ် ဆေးရုံအဆင့်မြှင့်တင်ရေး စီမံကိန်းတို့ပါဝင်သည်။

ဗဟိုအစိုးရ ရသုံးမှန်းခြေ ငွေစာရင်းတွင် မွမ်ဘိုင်းမြို့ မွမ်းမံတည်ဆောက်ရေးရန်ပုံငွေ ထောက်ပံ့ပေးရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ပန်ကြားထားကြောင်း ဒက်ရှ်မွတ်ခ်က ပြောကြားသည်။

မွမ်ဘိုင်းမြို့ မွမ်းမံတည်ဆောက်ရေး စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် ယင်းမြို့တွင် နိုင်ငံတကာ အဆင့်မီ ခေတ်မီ အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာရန် ရည်ရွယ်ကြောင်း ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***



**တယ်လီဖုန်း ဆက်သွယ်ရေး လုပ်ငန်းများ ပြောင်းလဲ တိုးတက်လာသည့်အတွက် စင်ကာပူနိုင်ငံအများသုံးတယ်လီဖုန်းရုံများတွင် ဝင်ငွေ လျော့နည်း ကျဆင်းလာသည်။ သုံးစွဲသူနည်းပါးလာသော စင်ကာပူအများသုံး တယ်လီဖုန်း ရုံများကို ဖေဖော်ဝါရီ ၁၁ ရက်ကတွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# တရုတ်နိုင်ငံတွင် ၂၀၀၄ ခုနှစ်အတွင်း နွမ်းပါးသူမြို့နေလူများအတွက် အမေရိကန်ဒေါ်လာ ၂ဒသမ၁ဘီလီယံနှင့်ညီမျှသောငွေကိုထောက်ပံ့ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၁၁**

အနိမ့်ဆုံး လူနေမှုအဆင့်အတန်းအောက်တွင်ရှိနေသော မြို့နေနွမ်းပါးသူလူဦးရေ ၂၂ အတွက် အထောက်အပံ့ပေးရန် တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂ဒသမ၁ ဘီလီယံနှင့်ညီမျှသော ငွေကြေးများကို သုံးစွဲခဲ့သည်။ တရုတ်နိုင်ငံတွင် တစ်လလျှင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂၇ အောက်သာရရှိသော လူတစ်ဦးလျှင် အထောက်အပံ့ငွေကြေး အမေရိကန်ဒေါ်လာ ၇ဒသမ၉ ဒေါ်လာ ပံ့ပိုးပေးခဲ့သည်။ ထိုအထောက်အပံ့သည် ၂၀၀၃ ခုနှစ်ကပေးခဲ့သော အထောက်အပံ့ထက် သုည ဒသမ ၈ ဒေါ်လာ ပိုမိုများပြားသည်။

နွမ်းပါးသူများကို အထောက်အပံ့ပေးသော ရှေ့ပြေးအစီအစဉ်ကို ရှန်ဟိုင်းတွင် ၁၉၉၃ ခုနှစ်က စတင်စမ်းသပ်ခဲ့ပြီး နောက်ပိုင်းတွင် ထိုအစီအစဉ်မှာ တစ်နိုင်ငံလုံးသို့ တဖြည်းဖြည်းချင်း ပျံ့နှံ့သွားသည်ဟု ဆိုသည်။ အနည်းဆုံးဝင်ငွေသတ်မှတ်ချက်မှ ဒေသတစ်ခုနှင့်တစ်ခု မတူညီဘဲ အခြေအနေကို လိုက်၍ ကွာခြားမှုရှိကြောင်း သိရသည်။

ကျေးလက်နေဦးရေ ငါးသန်းခန့်ရှိသော နွမ်းပါးသောလယ်သမားများမှာ အထောက်အပံ့အဖြစ် တစ်လလျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၂နှင့် ညီမျှသောယွမ်ငွေ ၂၉ဒသမ ၁ယွမ်ကို အထူးအထောက်အပံ့ အဖြစ် ရရှိခဲ့ကြသည်။

တရုတ်နိုင်ငံ ပြည်သူ့ရေးရာဝန်ကြီးဌာန၏အဆိုအရ ဒေသပေါင်း ၁၂၀၀ တို့ တွင် အနိမ့်ဆုံးလူနေမှု အဆင့်အတန်း စံနှုန်းများကို သတ်မှတ်ပေးထားပြီး ဖြစ်ကြောင်း သိရသည်။ ၂၀၀၄ ခုနှစ်တွင် နွမ်းပါးသူ လယ်သမား ၈ဒသမ၇၅ သန်းမှာ အထောက်အပံ့အဖြစ် တစ်လ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ၁ဒသမ၉ဒေါ်လာ ရရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ၂၀၀၅ ခုနှစ်၌ မြို့ပြနှင့်ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ကျေးလက်ကျန်းမာရေး မြှင့်တင်ရန် အစီအစဉ်များလည်း ပါဝင်မည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

## တွင်းထွက်ပစ္စည်းဒေါ်လာငါးဘီလီယံဖိုး တင်ပို့ရန်ဖိလစ်ပိုင်မျှော်မှန်းထား

**မနီလာ ဖေဖော်ဝါရီ ၁၁**

ဖိလစ်ပိုင် အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် အမေရိကန်ဒေါ်လာ ငါးဘီလီယံတန်ဖိုးရှိ တွင်းထွက်ပစ္စည်းများတင်ပို့ရန် မျှော်မှန်းထားကြောင်း လူမှုစီးပွားရေးစီမံကိန်းဝန်ကြီးရိုမူလိုနီရီကအင်္ဂါနေ့တွင်ပြောကြားသည်။

သတ္တုတွင်းသစ်များကို ဖွင့်လှစ်ပေးရမည်ဖြစ်ကြောင်း၊ တွင်းထွက်ပစ္စည်းထုတ်လုပ်မှုကိုပြည်ပသို့တင်ပို့နိုင်သည့် အဆင့်အထိ ပြောင်းလဲထုတ်လုပ်သွားရမည်ဖြစ်ကြောင်း ၎င်းက ဒီဇက်အမ်အမ်အသံလွှင့်ဌာနကို ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

### တက်ရောက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်ဇနီး၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း၊ရေ၊လေ) တပ်မတော်အရာရှိကြီးများ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားညီလာခံ အလုပ်ကျသဘာပတိအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဧည့်ခံဖျော်ဖြေ

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့်ညစာစားပွဲ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမ ဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း သီဆိုဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဆုရ ရင်သွေးငယ်များက **"မြူးမြူးကြွကြွ ရင်သွေးတို့အက"**၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ဆာရ်လမ်း(ခေါ်)အောင်ပွဲခံ"**အက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ထိပ်ဆုံးက တနင်္သာရီ"**အက၊ ကယားပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ကေ့တိုးဘိုး(ခေါ်)တံခွန်တိုင်"** အက၊ မွန်ပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"အသကံနဒီ (အသာကဏ်နဒီ)"** ယိမ်းအက၊ ရှမ်းပြည်နယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"တိုးတက်ဝေစည် ကမ္ဘောဇဌာနီ"** စုပေါင်းအက၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ကလက်ဖြာလီ ဟန်လေးလ (ကဟန်လေးလီ)"** အက၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ပြည်ထောင်စုသွေးချင်းများစည်းလုံးခြင်းကြိုးနွယ်ယှက်ထား"**အက၊ ကရင်ပြည်နယ်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ကရင်ရိုးရာဒုံး"** အကနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"စည်းလုံးစွမ်းအား ပြည်ထွန်းကား"** တေးသရုပ်ဖော်အစီအစဉ်တို့ဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲ နှင့်ညစာစားပွဲ သို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားများကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို သန်လျင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဋ္ဌေးက ဖတ်ကြားသည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဖတ်ကြားသည်။ (သတင်းစဉ်)





ဖေဖော်ဝါရီ ၁၂ရက်က နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ညှိခံပွဲနှင့်ညစာ စားပွဲသို့ တက်ရောက်လာကြသည့်တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်း များ မှ တိုင်း ရင်း သားရိုးရာ ယဉ်ကျေးမှုအ ဖွဲ့ ဝင် များ၊ ပြည်နယ်နှင့်တိုင်းများမှပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

# ပြည်ထောင်စုအလံတော် ရန်ကုန်အနောက်ပိုင်းခရိုင်မှ ပြည်သူ့ရင်ပြင်အလံတင်အခမ်းအနားသို့ သယ်ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး အစီအစဉ်အရ ဖေဖော်ဝါရီ ၈ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အားကစားကွင်းစင်မြင့်၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၉ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းစင်မြင့်၌လည်းကောင်း၊ ယမန်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌လည်းကောင်း တစ်ညတာစီရပ်နားခဲ့သော ပြည်ထောင်စုအလံတော်အား (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ်သင်္ကေတများစိုက်ထူရေးဆပ်ကော်မတီဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုအလံတော်အား ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ တပ်မတော်(လေ)စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် နံနက် ၆နာရီ ၅၅မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စု အလံတော်ကိုနုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိလေးဦးနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် သယ်ဆောင်လာရာ မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်း၍ ဂုဏ်ပြုသည်။

ဆက်လက်၍ နံနက် ၇နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က စလင်းအားကစားကွင်းထိပ်မုခ်ဦး၌ အသင့်စောင့်ဆိုင်းနေသော ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ ပြည်ထောင်စုအလံတော်ကိုစိုက်ထူ၍ အလေးပြုပြီး တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိ လေးဦးနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလိုက်ပါကာ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ နာနတ်တောလမ်း၊ နာနတ်တောခုံးကျော်တံတားကိုဖြတ်သန်း၍ နာနတ်တောလမ်းနှင့် ပြည်လမ်းဆုံမှ ပြည်လမ်းအတိုင်း ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်ကြရာ ကြည့်မြင်တိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့မှ ပြည်သူများက ဂုဏ်ပြုကြိုဆိုအလေးပြုကြသည့်အပြင် ဟံသာဝတီအဝိုင်းအနီး၌ စမ်းချောင်းမြို့နယ် အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများ ၏ ဘင်ခရာအဖွဲ့ကလည်း ဘင်ခရာတီးမှုတ်ကာ ပြည်ထောင်စုအလံတော်အား ဂုဏ်ပြုကြိုဆိုအလေးပြုကြသည်။

## လွှဲပြောင်းပေးအပ်

ပြည်ထောင်စုအလံတော်အား သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် နံနက် ၇နာရီ မိနစ် ၂၀ တွင် ပြည်သူ့ရင်ပြင်ရှေ့ရှိ သတ်မှတ်နေရာသို့ရောက်ရှိပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကိုအလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ)၊ ရဲအရာရှိများနှင့် ပြည်ထောင်စုတိုင်းရင်းသား၊တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များခြံရံ၍ ပြည်လမ်းအတိုင်း သယ်ဆောင်လာကာ သတ်မှတ်နေရာ အရောက်၌ ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။ (သတင်းစဉ်)

# ပြည်ထောင်စုနေ့ဂုဏ်ပြု ကတ္တရာကျောက်ချော လမ်းသစ်များဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံသောအားဖြင့် ရန်ကုန်(အရှေ့ပိုင်း)ခရိုင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ဆောင်ရွက်ပြီးစီးသည့် အမှတ်(၇)ရပ်ကွက် ဟားခါးလမ်း အပိုင်း(၁)နှင့် ရွှေဘုံသာလမ်း ရေပိတ်ကျောက်ချော ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်များထိပ်ရှိ မုခ်ဦးများရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် အမှတ်(၇)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် ဟားခါးလမ်းဆုံရှိမုခ်ဦးရှေ့တွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အမှတ်(၇)ရပ်ကွက် အသင်းစည်းရုံးရေးမှူး ဦးမြင့်လွင်တို့က ရာဇာဓိရာဇ်လမ်းနှင့် ဗိုလ်ဇော်ဂျီလမ်းဆက်သွယ်သည့် လမ်းအရှည် ပေ ၁၃၂၀၊ အကျယ် ၁၂ ပေရှိ ဟားခါးလမ်း အပိုင်း(၁)ရေပိတ်ကျောက်ချော ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ရွှေဘုံသာလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနလမ်းနှင့်တံတားလက်ထောက်ဌာနမှူး ဦးမြင့်တင်နှင့် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ခိုင်တို့က အမှတ်(၇)ရပ်ကွက် ငထွေရှူးလမ်းနှင့်မတူပီလမ်းဆက်သွယ်သည့် လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေရှိ ရွှေဘုံသာလမ်းကို ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။(သတင်းစဉ်)

# (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

## ပြည်မြန်မာ ပြည်ထောင်စုပေမို့ တည်ထောင်ပြုညီညာ

### စည်တော်သံ

**(ယုဝတီကဗျာရှင် တက္ကသိုလ်နှယ်သဇင်)**

* ရှေးစဉ်ခါ သာကီမျိုးပေမို့
မညှိုးခဲ့ဂုဏ်ရောင်ဝါ၊
ရွှေမြန်မာမျိုးဂုဏ်တောက်တယ်
ကဲမောက်ထိန်ဖြာ
စာကဗျာ လင်္ကာနဲ့ရွှေကျမ်း၊
မျိုးရိက္ခာပေါကြွယ်ဝတယ်
အေးမြငြိမ်းချမ်း။ ။

* သခင်ဟာ မြန်မာမျိုးပေမို့
သမ္ဘာတိုး ရှေးစဉ်လာ၊
အာကာယံအောင်လံလွင့်တယ်
တိုးဆင့်တေဇာ၊
သာသနာ ထိန်ဖြာလို့ပဝင်း၊
ကမ္ဘာမှာ ဂုဏ်ရောင်လင်းတယ်
သင်းခဲ့သတင်း။ ။

* ဘာမထိ ဇာနည်ဖွားတွေမို့
စွန့်စားလို့ တိုက်ပွဲဝင်၊
အောင်ပန်းဆင်ပြည်တစ်ခွင်ဓားရောင်လက်တယ်
ထက်မြက်စွာပင်၊
ရှမ်း, ကချင်, ကရင်, ချင်းနှင့် ကယား၊
မွန်, ဗမာ, ရခိုင် ပေါင်းဆုံနွှဲတယ်
ဇွဲနဲ့မာန်အား။ ။

* အမျိုးသားမာန် သတ္တိဇွဲတွေနဲ့
အားခဲလို့ တွန်းလှန်၊
နယ်ချဲ့ရန် တိုက်ထုတ်ပစ်တယ်
မျိုးချစ်အားမာန်၊
ဒို့အောင်လံ လွင့်ပျံခဲ့ဝင့်ကြွား၊
ဖက်ဆစ်ရန်တော်လှန်ပွဲကိုလ
ဇွဲနဲ့တိုက်ထား။ ။

* ဥဂ္ဂဏ်မျှော်ကာ လွတ်လပ်ရေးကိုလ
ဒို့သွေးနဲ့တိုက်ယူ၊
ချုပ်အခြာ လွတ်လပ်ရေးကို
လှမ်းလို့ဆွတ်ချူ၊
သောင်းတိုက်ဇမ္ဗူ မဥ္ဇူကွဲ့နတ်ပန်း၊
ကမ္ဘာမှာ စဉ်ပွင့်လန်းတယ်
ချမ်းမြေ့ကြိုင်လျှမ်း။ ။

* ပြည်မြန်မာ ပြည်ထောင်စုပေမို့
တည်ထောင်ပြုညီညာ၊
ကချင်,ကယား,ကရင်,ချင်းနှင့်
သွေးရင်းတွေပါ၊
မွန်, ဗမာ, ရခိုင် နဲ့ မောရှမ်း၊
မြစ်ဧရာ သက်သေပြတယ်
အေးမြငြိမ်းချမ်း။ ။

* ပြည်မြန်မာ ညီညာပေါင်းမှ
ပြည်သာကြောင်း စုံစွာ၊
နယ်စပ်မှာ စဉ်ဖွံ့ဖြိုးတယ်
ဆင့်တိုးမေတ္တာ၊
မြစ်ဒွန်ဗြာ သံလွင်နဲ့ စစ်တောင်း၊
မိနိုင်ငံ ဆီးကြိုလင့်တယ်
ကျူးရင့်ငြိမ့်ညောင်း။ ။

* ကချင်ပြည်နယ် မနောပွဲပေမို့
တူနွှဲစို့ ပျော်ပျော်၊
တောင်ပေါ်မှာ အိုးစည်တီးတယ်
မြည်ဟည်း ရှမ်းနော်၊
ပြုံးလို့ရွှင်ပျော်၊ ညီချစ်နော်ကယား၊
တူပျော်ပျော် နောင်ညီဖွားတို့
ဖားစည်သံကြား။ ။

* ချင်းတို့နယ် ခွာဒိုပွဲပေမို့
သံစဉ်နဲ့စုံစွာ၊
ဇလပ်နီ သစ်တော်သီးနဲ့
ဆီးကြိုလျက်ပါ၊
မီးဝါလိုင် ရခိုင်နဲ့ ပန်းတျား၊
ကကြိုးမြိုင် နားဆင်သတယ်
မြူးကြွစည်ကား။ ။

* ရွှေကရင် နှစ်သစ်ကူးပွဲမို့
နွှဲကြစို့ညီညာ၊
ဒို့ဖားစည် ဒုံးယိမ်းအကနဲ့
ရွှင်ပျ ကြိုမှာ၊
မွန်ရိုးရာ ညီညာတဲ့ ပွဲဇားပွဲ၊
မကျောင်းသာ ဗျပ်စောင်းလှရယ်
မြူးကြွလို့နွှဲ။ ။

* ဒို့ဗမာ ရိုးရာပွဲပေမို့
နွှဲကြစို့ ညီညာ၊
ရွှေအိုးစည် ဒိုးအတီးနဲ့
ဆီးလိုကြိုမှာ၊
မိမြန်မာ ရင်မှာကွဲ့မွှေးဖွား၊
တိုင်းရင်းသားတွေ ချစ်ကြည်လွှမ်းတယ်
စွမ်းထက်မာန်အား။ ။

* ဒို့ပြည်ထောင် အောင်ရွှေထီးဆီက
အောင်စည်ကြီး ရွှမ်းဆော်၊
နိုင်ငံတော် စဉ်ငြိမ်းချမ်းတယ်
လှမ်းစို့တူပျော်၊
ခိုင်မြဲနော် ပင်လုံရဲ့မော်ကွန်း၊
ကမ္ဘာတည် မျိုးဂုဏ်တင့်တယ်
ကြွားဝင့် တောက်ရွှန်း။ ။

# ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲ

**နေ့ရက်** - ၈-၂-၂၀၀၅ မှ ၁၆-၂-၂၀၀၅

**အချိန်** - နံနက် ၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ

**နေရာ** - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

**(မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)**





**အမှာစကား ပြောကြား**

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် မျိုးတင်၊ ဌာနအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဌာနများ၏ လုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေမှန်များနှင့် လုပ်ငန်းညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်ရမည့် အခြေအနေများ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ဒေသတာဝန်ခံများက မိမိတို့ဒေသအလိုက် လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခချုပ်တို့က ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဝင်ငွေရရှိမှုနှင့် အသုံးစရိတ်ခြိုးခြံချွေတာသုံးစွဲမှု၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီသုံးစွဲမှု အခြေအနေများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြပြီး ပထမနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

ဒုတိယနေ့ အစည်းအဝေးကို ယနေ့ နံနက် ၈နာရီခွဲတွင် ဆက်လက်ကျင်းပရာ ကြီးကြပ်စစ်ဆေးရေးအဖွဲ့-အဖွဲ့ခေါင်းဆောင်ဦးချိုသန်းမောင်ကစစ်ဆေးတွေ့ရှိရသော အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြသည်။

## သုံးသပ်ဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့က ဌာနများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် **များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေ စိတ်ချမ်းသာဖို့** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဝင်ငွေကို တစ်ဖက်တစ်လမ်းကရှာဖွေနေသည့်ဌာနကြီးဖြစ်သည့်အတွက် ပြည်သူလူထုနှင့် ဆက်ဆံရာ၌ မောက်မာမှုမရှိစေရေး၊ သတ်မှတ်လျာထားချက်များကို ပြည့်မီအောင် ရှာဖွေကြိုးပမ်း ဆောင်ရွက်ကြသလို တစ်ဖက်ကလည်း နိုင်ငံတော်ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေး၊ မှန်မှန်ကန်ကန် စနစ်တကျသုံးစွဲကြပြီး GDP တိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့်စက်သုံးဆီအလေအလွင့်မရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ဌာနအကြီးအကဲများအနေဖြင့် အောက်ခြေအထိ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၃-၂-၂၀၀၅ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၆။ **(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်။**
- ၈:၂၀ ၇။ ဂီတသန်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say it in English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း-၁၁)**
- ၁၂:၁၅ ၅။ သင်ပုန်းရေလှောင်တမံ
- ၁၂:၂၅ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း" (ရုပ်မြင်သံကြားဝန်ထမ်းများ) (ဒါရိုက်တာ-မျိုးအေး)**
- ၁:၄၀ ၇။ **(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်။**
- ၁:၅၅ ၈။ အကပဒေသာ
- ၂:၁၀ ၉။ တေးဂီတအစီအစဉ်
- ၂:၂၅ ၁၀။ အတီးပြိုင်ပွဲ
- ၂:၃၅ ၁၁။ ရွှေလောင်းတံတား
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၀၀ ၅။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၅:၀၅ ၆။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်။**
- ၅:၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၂၀ ၈။ အမျိုးသားညီလာခံဂုဏ်ပြုတေး
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ် (အပိုင်း-၅၄)**
- ၇:၃၅ ၁၂။ မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှုအပေါ် ကမ္ဘာ့ထိပ်တန်းပညာရှင်များက လက်မခံ
- ၁၃။ ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု) (ရန်ကုန်တိုင်း)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်သံသရာ (အပိုင်း-၁၈)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ပဉ္စမနေ့ ဆက်လက် ဖွင့်လှစ်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပဉ္စမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ၃၈၀၀ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။** (အောက်ပုံ)

ပြပွဲတွင် ဗဟိုပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများပြကွက်၊ ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေးရရှိခြင်းပြကွက်၊ မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်နှင့် မျက်မှောက်ခေတ် နိုင်ငံရေး၊ လူမှုရေးဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုပြကွက်တို့ကို စနစ်တကျ ခင်းကျင်းပြသထားသည်။

ရှေးဟောင်း မြန်မာနိုင်ငံတော်များပြကွက်တွင် ပုဂံအကြိုခေတ်၊ ရှေးဟောင်းပျူမြို့ပြနိုင်ငံများနှင့် ခေတ်ပြိုင်မြို့ပြနိုင်ငံများ၊ အနော်ရထာမင်းကြီး၏ ပုဂံနန်းတော်ရာ ပုံစံငယ်၊ ပုဂံ အရိမဒ္ဒနပူရနန်းတော်၏ ပဉ္စပါသာဒ ရွှေနန်းတော်ပုံစံငယ်၊ ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်ဆိုင်ရာ သမိုင်းမှတ်တမ်းများကို ခင်းကျင်းပြသထားပြီး မျက်မှောက်ခေတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်တွင် ဝန်ကြီးဌာနများအလိုက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ပြခန်းများဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co. က စီစဉ်ကျင်းပသည့် Audio Language Lab စနစ်ဖြင့် ဆရာနှင့်ကျောင်းသား အင်္ဂလိပ်ဘာသာဖြင့် အမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ပွဲကို ကျင်းပပေးလျက်ရှိရာ ယနေ့ ပြိုင်ပွဲတွင် ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းက အကောင်းဆုံးဆုရရှိသည်။

ပြပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ နေ့စဉ်နံနက်၉နာရီမှညနေ၅နာရီအတွင်း နေ့စဉ် ဖွင့်လှစ် ပြသသွားမည် ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)



# ဒုတိယဝန်ကြီး ဦးမောင်အောင် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၀ရက်တွင်ပဲခူးမြို့ရှိ ပဲခူးတိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး ရုံးဝန်ထမ်းများအား လည်းကောင်း၊ ကျိုက်ထိုမြို့နယ်မှ ဝန်ထမ်းများအား လည်းကောင်း တွေ့ဆုံမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၁ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးခန်း၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ပြည်နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဒုတိယဝန်ကြီးသည် ကျိုက်မရောမြို့နှင့် သထုံမြို့တို့သို့လည်း သွားရောက်ပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

# The Commerce Journal အတွဲ(၅) အမှတ်(၂)ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဦးဟန်ထွန်းတို့၏ဆောင်းပါးများနှင့် အတူ သုတ/ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည့် အသွင်သစ်ဖြင့် ထုတ်ဝေလိုက်သော The Commerce Journal အတွဲ(၅) အမှတ်(၂)ကို အမှတ်(၃၈) လမ်း(၃၀)ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ကတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)



ီးတစ်ရာ

သွာတစ်ခု

ည်ထောင်စု

ာက်ပြုဆောင်းပါး

ီဟအောင်

တစ်ကေအထွက်နှုန်း–တင်း

ပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

| ၀၅ | တိုးတက်မှု |
|---|---|
| ၉၅ | ၁၈၂၂၂၉ |
| ၆၁ | – |
| ၁၆ | ၅၂ |
| ၀၆ | ၄၂ |
| ၈ | ၈ |
| ၂ | ၂ |
| ၈၆ | ၈၆ |
| ၇၀ | ၇၀ |
| ၉ | ၉ |
| ၇ | ၇ |
| ၄၃ | ၁၄၃ |
| ၈၁ | ၁၃၈၁ |
| ၃၁ | ၅၅၈၄၈၃ |
| ၄၄ | ၄၁၀၂၂၆ |
| ၇၈ | ၉၈၉၈၈ |
| ၁၁ | ၁၅.၄၅ |
| ၆၂ | ၁၈၈၆၆၂ |
| ၀၀ | ၉၀.၀၀ |
| ၆၀ | ၂၈၅၄၃ |
| % | ၅၃% |
| ၃၀ | ၇၈၁၂၁၀ |
| ၂၁ | ၆၂၉၄၀ |
| ၆၈ | ၂၈၀၉၈ |
| ၃၀ | ၁၀၄၀ |
| ၉၁ | ၃၇၄၁ |
| ၁၆ | ၆၁၈၄ |
| ၂၉ | ၂၂၈၄၆ |
| ၄၁ | ၂၇၄၄၇၆ |
| ၀၈ | ၄၆၁၈၂ |

ူကြီးသူမများက အိမ်နောက်ဖေး
န္တလေးတိုင်းအတွက် ဒေသအတွင်း
ထို့အတူပင် စားဖိုဆောင်အရေး
ထည့်ထားသည့် ငါးမျိုးကောင်ရေ
န်းချက်ဖြင့် ဖော်ဆောင်ပေးမှုများကို
**ချက်နှာ ၁၀ ကော်လံ ၁ သို့** ❐



# ၁၉၈၈ ခုနှစ်နောက်ပိုင်း မန္တလေးတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

မြင်းခြံမြို့တွင် တည်ဆောက်
ဖွင့်လှစ်ခဲ့သည့် အစိုးရ စက်မှု
လက်မှုသိပ္ပံ(မြင်းခြံ) အဆောက်
အအုံကို ဤသို့ ခံ့ညားစွာ
တွေ့ရသည်။



## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ် မြစ်ရေတင် စီမံကိန်းမှ ပင်မရေငြိမ်ကန်နှင့် ပင်မမြောင်းကို တွေ့ရစဉ်။



ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူပြုမည့် ဆေးဘက်ဆိုင်ရာ ပညာရှင်များကို မွေးထုတ်ပေးနေသည့် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)ကို တွေ့ရစဉ်။

❐ စာမျက်နှာ ၈ မှ

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **တိရစ္ဆာန်တိုးချဲ့မွေးမြူမှု** | | | |
| - နွား | ၁၅၂၈၀၀၀ | ၁၉၂၄၀၀၀ | ၃၉၆၀၀၀ |
| - သိုး/ဆိတ် | ၅၅၅၀၀၀ | ၇၃၂၀၀၀ | ၁၇၇၀၀၀ |
| - ဝက် | ၃၃၁၀၀၀ | ၄၂၀၀၀၀ | ၈၉၀၀၀ |
| - ကြက် | ၃၁၃၉၀၀၀ | ၇၀၂၂၀၀၀ | ၃၈၈၃၀၀၀ |
| - ဘဲ | ၁၇၈၀၀၀ | ၂၅၀၀၀၀ | ၇၂၀၀၀ |
| - ကြက်၊ဆင်၊ဘဲငန်း၊မန်ဒါလီ | ၄၅၀၀၀ | ၄၇၀၀၀ | ၂၀၀၀ |
| **ငါးပုစွန်တိုးချဲ့မွေးမြူမှု** | | | |
| - ငါးမွေးမြူရေးကန်ဧက | ၅၉၅.၂၅ | ၆၁၄၅.၉၇ | ၅၅၅၀.၇၂ |
| - စပါးငါးတွဲဖက်စိုက်ပျိုးမှုဧက | မရှိ | ၃၀၀ | ၃၀၀ |
| - ကောင်ရေ(သိန်း) | မရှိ | ၁.၅၀ | ၁.၅၀ |
| - **ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု** | | | |
| - ထုတ်လုပ်မှု(သိန်း) | ၃၇.၇၂ | ၃၅၀၃.၂၉ | ၃၄၆၅.၅၇ |
| - မျိုးစိုက်မှု(သိန်း) | ၉.၇၉ | ၁၈၈၂.၃၃ | ၁၈၇၂.၅၄ |
| - ရောင်းချမှု(သိန်း) | ၂၆.၂၈ | ၁၆၂၀.၉၆ | ၁၅၉၄.၆၈ |
| **ရေဝတီမြစ်ထဲငါးမျိုးထည့်မှု(သိန်း)** | မရှိ | ၁၀၇၁.၀၁ | ၁၀၇၁.၀၁ |

## သစ်တောပြုစုပျိုးထောင်မှု

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် လူဦးရေ ၁၈သန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။ နိုင်ငံလူဦးရေ သုံးပုံတစ်ပုံခန့်ရှိသော တိုင်းရင်းသားပြည်သူများ မှီတင်းနေထိုင်ရာ ဒေသကြီးဖြစ်သည်။ ရှေးအစဉ်ကပင် "နွေမှာပူလောင်၊ မိုးမှာခေါင်၊ ဆောင်းမှာ စောင်မလောက်" ဟု ကောက်ချက်ချရလောက်အောင် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခဲ့သည်။

နှစ်ပေါင်း ၁၀၀ ကျော်ကန္တာရခရီးကို ဖြတ်သန်းလာခဲ့ရသည်။ နောင်နှစ် ၅၀သာ ဤအတိုင်း ခရီးဆက်နေရပါက မြန်မာ့ပထဝီဝင်ဘာသာရပ်တွင် "မြန်မာနိုင်ငံသည် တောင်ကုန်းတောင်တန်း ချိုင့်ဝှမ်းလွင်ပြင်များသာမက သဲကန္တာရလည်း ရှိသည်"ဟု ရေးရတော့မည်ဖြစ်သည်။

တပ်မတော်အစိုးရသည် အပူပိုင်းဒေသ ခရီးသည်ကြီးကို ရေချိုရေအေးလည်း တိုက်ကျွေးခဲ့သည်။ နေပြောက်မထိုးရအောင် ထီးမိုး၍လည်း စောင့်ရှောက်ပေးခဲ့သည်။ ပုပ္ပားတောင်တစ်ဝိုက်ဒေသ အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း အထူးဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီးသည် မြန်မာနိုင်ငံ၏ ရွှေခရီးအတွက် ရွှေထီးတစ်လက်ပမာ မိုးကာပေးလျက်ရှိနေသည်ကို အောက်ပါ ဇယားနှစ်ခုဖြင့် ညွှန်းပြုအပ်ပေသည်-

***စတုရန်းမိုင်**
***အပင်(သန်း)**

### သစ်တောပြုစုထိန်းသိမ်းမှုကဏ္ဍ

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| ကြိုးဝိုင်းတော* | ၃၈၆၆ | ၃၈၅၇ | (-) ၉ |
| ကြိုးပြင်ကာကွယ်တော* | မရှိ | ၈၅ | ၈၅ |
| သဘာဝနယ်မြေဧရိယာ* | ၁၂၈.၉၈ | ၁၈၇.၅၂ | ၅၈.၅၄ |
| **သစ်တောစိုက်ခင်း** | ၁၄၃၀၅ | ၂၃၃၆၂၈ | ၂၁၉၃၂၃ |
| **ထူထောင်ခြင်း(ဧက)** | | | |
| - ကျွန်းအထူးစိုက်ခင်းဧက | မရှိ | ၂၁၀၀၀ | ၂၁၀၀၀ |
| - စီးပွားရေးစိုက်ခင်းဧက | ၅၈၀၅ | ၅၁၅၂၅ | ၄၅၇၂၀ |
| - ကျေးရွာသုံးစိုက်ခင်းဧက | ၄၇၀၀ | ၅၇၃၇၈ | ၅၂၆၇၈ |
| - စက်မှုကုန်ကြမ်းစိုက်ခင်းဧက | ၁၈၀၀ | ၃၅၆၅၀ | ၃၃၈၅၀ |
| - ရေဝေရေလဲစိုက်ခင်းဧက | ၂၀၀၀ | ၆၈၀၇၅ | ၆၆၀၇၅ |
| **သ**စ်ဆိမ့်ပင်စိုက်ခင်း(ဧက) | မရှိ | ၁၅၀၀ | ၁၅၀၀ |
| လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်း* | ၀.၈၀ | ၂၆.၅၃ | ၂၅.၇၃ |

### စိမ်းလန်းစိုပြည်ရေးကဏ္ဍ

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **စိုက်ခင်းတည်ထောင်ခြင်း(ဧက)** | မရှိ | ၆၁၉၀၇ | ၆၁၉၀၇ |
| - သစ်ထင်းစိုက်ခင်းဧက | မရှိ | ၁၉၆၉၀ | ၁၉၆၉၀ |
| - ရေဝေရေလဲစိုက်ခင်းဧက | မရှိ | ၃၀၃၀၀ | ၃၀၃၀၀ |
| - တောင်တန်းစိုက်ခင်းဧက | မရှိ | ၃၆၅၀ | ၃၆၅၀ |
| - သုတေသနစိုက်ခင်းဧက | မရှိ | ၁၅၂ | ၁၅၂ |
| - အခြားစိုက်ခင်းဧက | မရှိ | ၆၈၁၅ | ၆၈၁၅ |
| - သစ်ဆိမ့်စိုက်ခင်းဧက | မရှိ | ၁၃၀၀ | ၁၃၀၀ |
| **သဘာဝတောထိန်းသိမ်းမှု(ဧက)** | မရှိ | ၂၆၅၀၀၀ | ၂၆၅၀၀၀ |
| **ထင်းအစားထိုးလောင်စာ** | | | |
| - စွမ်းအားမြှင့်မီးဖို | မရှိ | ၈၈၇၅၁ | ၈၈၇၅၁ |
| - လောင်စာတောင့် | မရှိ | ၂၀၄၀၅ | ၂၀၄၀၅ |
| - စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း | မရှိ | ၂၃၄၂၃ | ၂၃၄၂၃ |
| **ရေရရှိရေးဆောင်ရွက်မှု** | | | |
| - ရေကန်ငယ် | မရှိ | ၃၆၁ | ၃၆၁ |
| - နန်းတားဆည် | မရှိ | ၄၈၂ | ၄၈၂ |
| - မြေအောက်ရေတူးဖော်ခြင်း | မရှိ | ၂၃ | ၂၃ |
| **ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး** | | | |
| **- စိုက်ခင်းတည်ထောင်ခြင်း(ဧက)** | မရှိ | ၁၈၉၀ | ၁၈၉၀ |
| - သစ်ထင်းစိုက်ခင်းဧက | မရှိ | ၉၀ | ၉၀ |
| - ရေဝေရေလဲစိုက်ခင်းဧက | မရှိ | ၁၆၀၀ | ၁၆၀၀ |
| - သစ်ဆိမ့်စိုက်ခင်းဧက | မရှိ | ၂၀၀ | ၂၀၀ |
| **- သဘာဝတောထိန်းသိမ်းမှု(ဧက)** | မရှိ | ၂၀၀၀ | ၂၀၀၀ |

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| - **ထင်းအစားထိုးလောင်စာ** | | | |
| - စွမ်းအားမြှင့်မီးဖို | မရှိ | ၁၂၀၀ | ၁၂၀၀ |
| - လောင်စာတောင့် | မရှိ | ၂၀၀ | ၂၀၀ |
| - စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း | မရှိ | ၃၅၀ | ၃၅၀ |
| - **ရေရရှိရေးဆောင်ရွက်မှု** | | | |
| - ရေကန်ငယ် | မရှိ | ၆ | ၆ |
| - နန်းတားဆည် | မရှိ | ၁၀ | ၁၀ |
| - မြေအောက်ရေတူးဖော်ခြင်း | မရှိ | ၁ | ၁ |
| **နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သော စိုက်ခင်း(ဧက)** | မရှိ | ၄၈၁၆ | ၄၈၁၆ |

## ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

ယေဘုယျအားဖြင့် မန္တလေးတိုင်းသည် မြို့ကြီးများကို ချိတ်ဆက်ထားသော လမ်းကြောင်းများကြောင့် သွားရေး လာရေးလွယ်ကူသော တိုင်းတစ်တိုင်းဖြစ်သည်ဟု ထင်ဖွယ်ရှိသည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသများပါ ပြိုင်တူတိုးတက်ရေး ရှုထောင့်မှကြည့်လျှင် လိုအပ်ချက်နှင့် ဟာကွက်များစွာ ရှိနေခဲ့သည်။

ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရမည်ဟူသည့် ရည်မှန်းချက်ဖြင့် ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်နှင့်မြို့ချင်းဆက်လမ်းများ၊ ကျေးလက်မှမြို့တက်သည့်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် နယ်စပ်ဒေသလမ်းများကို ဌာနအသီးသီး၊ အဖွဲ့အစည်းအရပ်ရပ်၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် မရပ်မနား တည်ဆောက်ပေးလျက်ရှိသည်။

မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း၊ မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း၊ တွင်းငယ်-မိုးမိတ်လမ်း၊ မန္တလေး-မိုးကုတ်-စီဦး-ဗန်းမော်လမ်း၊ မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချိုလမ်း၊ မန္တလေး-စစ်ကိုင်း-မုံရွာလမ်း၊ မန္တလေး-မိတ္ထီလာလမ်း၊ မကွေး-တောင်တွင်းကြီး-ကျောက်ပန်းတောင်း-မိတ္ထီလာလမ်း စသည့် လမ်းမကြီးများ ပိုမို၍ အဆင့်မြင့်မားလာသည်။

ကျောက်ဆည်မြို့နယ်ရှိ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ဇော်ဂျီမြစ်ကူး-ဇော်ဂျီတံတားနှစ်စင်း (ပေ ၂၁၀စီ)၊ မန္တလေး-တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းတွင် ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(ပေ ၇၀၀)၊ ပန်းလောင်ချောင်းကူး ပန်းလောင်တံတား(ပေ၃၀၀)၊ မြစ်သားမြို့နယ် မြင်းခြံ-ရေဝန်းလမ်းပိုင်းတွင် စမုံချောင်းကူး စမုံပေါက် တံတား(ပေ၃၀၀)၊ မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်လမ်းပိုင်းတွင် ချောင်းမကြီးချောင်းကူး တံငါတံတား (ပေ၃၆၀) ဟူသည့် တံတားကြီးခုနစ်စင်း ပေါ်ထွန်းခဲ့သည်။

ပေ ၁၈၀ အထက် တံတားကြီးခြောက်စင်း တည်ဆောက်ပေးနေဆဲဖြစ်သည်။ စဉ့်ကိုင်မြို့နယ်တွင် ပန်းလောင်၊ မြစ်ငယ်နှင့်ပင်းချား၊ ပျဉ်းမနား၌ ပေါင်းလောင်း၊ မိုးကုတ်မြို့နယ်၌ ကျောက်အိုးတို့သည် နောက်တိုးလာမည့် တံတားကြီး ငါးစင်းဖြစ်သည်။ နောက်တစ်စင်းရှိပါသေးသည်။

အမရပူရမြို့နယ်တွင် ယခင်တည်ရှိနေသည့် အင်းဝတံတား(ပေ ၃၉၆၀)နှင့် အလှချင်းပြိုင်မည့် ၅၆၀၄ ပေ ရှည်လျားသည့် ဧရာဝတီမြစ်ကူး (ရတနာပုံ) တံတားကြီးဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့သည် နှစ်ပေါင်း ၁၂၄နှစ်နီးပါး မြန်မာနိုင်ငံအား ကုပ်သွေးစုပ်သွားသော်လည်း မိုင် ၁၀၀၀ကျော် ရှည်လျားသည့် ဧရာဝတီမြစ်ကို တစ်စင်းတည်းသော အင်းဝတံတားဖြင့်သာ ပစ်ထားခဲ့သည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးရေး၊ မဖွံ့ဖြိုးရေးသည် ၎င်းတို့၏ အရေးမဟုတ်။ ဝေးလံသီခေါင်သော နယ်စပ် ဒေသများ တိုးတက်မှု၊ မတိုးတက်မှုကိုလည်း ဂရုမပြု။ လျစ်လျူရှု ဥပေက္ခာပြုခဲ့သည်။ မျက်မှောက်ခေတ်၌ ၁၆ နှစ်အတွင်း တပ်မတော်အစိုးရက ဧရာဝတီမြစ်ကြီးအား တံတားခုနစ်စင်း ခင်းပေးခဲ့ပြီ။

နယ်ချဲ့ခေတ်၌ ကျောသားရင်သား ခွဲခြားခဲ့သည်။ တောင်ပေါ်မြေပြန့်ကန့်သတ်ခဲ့သည်။ သွေးခွဲအုပ်ချုပ် အမြတ်ထုတ်ခဲ့သည်။ မျက်မှောက်ခေတ်၌ ကျောချင်းကပ်ထားသည်။ ရင်ချင်းအပ်ထားသည်။ ရေမခြား မြေမခြား လူမခြား မှုမခြားဘဲ ကိုယ့်သားကိုယ့်သွေး မဝေးရအောင် နိုင်ငံအင်အား လမ်းတံတားများ တည်ဆောက်ပေးနေကြောင်းကို မန္တလေးတိုင်း၏ အောက်ပါဖွံ့ဖြိုးတိုးတက်မှု ဇယားတစ်ခုက ညွှန်းပြုသက်သေဆိုနေပေသည်-

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **ရထားပို့ဆောင်ရေး** | | | |
| - ရထားလမ်းခရီးမိုင် | ၄၅၉.၈၃ | ၆၁၃.၃၈ | ၁၅၃.၅၅ |
| - သံလမ်းမိုင် | ၆၂၃.၁၁ | ၈၀၅.၆၄ | ၁၈၂.၅၃ |
| - ခရီးသည်ဦးရေ | ၆၀၁၉၇၀၀ | ၆၄၁၈၂၀၀ | ၃၉၈၅၀၀ |
| - ခရီးသည်မိုင် | ၄၄၃၂၅၃.၁ | ၄၅၅၃၂၇.၁ | ၁၂၀၇၄.၀ |
| - ကုန်တန်ချိန် | ၄၉၈၅၀၀ | ၈၈၃၆၀၀ | ၃၈၅၁၀၀ |
| - ကုန်တန်မိုင် | ၈၈၇၁၈.၈ | ၁၉၅၃၉၀.၉ | ၁၀၆၆၇၂.၁ |
| - ဘူတာရုံ | ၁၂၅ | ၁၇၅ | ၅၀ |
| **လေကြောင်းပို့ဆောင်ရေး** | | | |
| - လေယာဉ်ကွင်းများ | ၅ | ၇ | ၂ |
| - ပြေးလမ်း ပေ(၅၀၀၀)အထက် | ၄ | ၇ | ၃ |
| - ပြေးလမ်း ပေ(၅၀၀၀)အောက် | ၁ | - | အဆင့်မြှင့်တင် |
| **ကားလမ်းများ တိုးချဲ့ဖောက်လုပ်မှု(မိုင်)** | ၁၀၃၅/၀ | ၁၂၈၄/၇ | ၂၄၉/၇ |
| - ကတ္တရာလမ်းမိုင် | ၈၅၃/၀ | ၁၁၀၂/၀ | ၂၄၉/၂ |
| - ကျောက်ခင်းလမ်းမိုင် | ၇၁/၀ | ၉၁/၀ | ၂၀/၅ |
| - အမာခံလမ်းမိုင် | ၇၄/၀ | ၅၀/၃ | အဆင့်မြှင့်တင် |
| - မြေသားလမ်းမိုင် | ၃၇/၀ | ၄၀/၅ | ၃/၅ |
| **တံတားများ တိုးချဲ့တည်ဆောက်မှု** | | | |
| - **ပြည်သူ့ဆောက်လုပ်ရေး** | | | |
| **- ပေ(၁၈၀)အထက်တံတား** | ၁၈ | ၃၁ | ၁၃ |
| - တည်ဆောက်ပြီးတံတား * | ၁၈ | ၂၅ | ၇ |
| - တည်ဆောက်ဆဲတံတား * | မရှိ | ၆ | ၆ |
| **- ပေ(၁၈၀)အောက်တံတား** | ၂၂၇ | ၃၆၅ | ၁၃၈ |
| - တည်ဆောက်ပြီးတံတား | ၂၂၇ | ၃၆၅ | ၁၃၈ |

## ဆက်သွယ်ရေး

ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖြင့် တင့်တယ်လှပလာသော မန္တလေးတိုင်းအတွက် ဆက်သွယ်ရေးအင်အား မြင့်မားအောင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ လူဦးရေအချိုးအစား၊ ကူးလူးဆက်ဆံမှု အနေအထားနှင့်အညီ မန္တလေးတိုင်း၏ ဆက်သွယ်ရေးစွမ်းရည် မြင့်မားတိုးတက်လျက်ရှိသည်။ မျက်မှောက်ခေတ်၏ မန္တလေးတိုင်းမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားရေး ဘဝမြင့်မားလျက် ဆက်သွယ်ရေးစွမ်းအားတက်နေပုံကို အောက်ပါ ယခင်နှင့်ယခု ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်က သက်သေခံနေပေသည်-

***(လူ ၁၀၀၀ လျှင်)**

| အမျိုးအမည် | ၁၉၈၈ | ၁၂-၂-၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| စာတိုက်စခန်း | ၁၄၀ | ၁၄၉ | ၉ |
| ကြေးနန်းရုံး | ၃၇ | ၄၇ | ၁၀ |
| ဖက်စ်စီမီလီ | ၁ | ၃၂၉ | ၃၂၈ |
| ကွန်ပျူတာကြေးနန်း | မရှိ | ၂ | ၂ |
| ပြည်တွင်းဖက်စ်လုပ်ငန်း | မရှိ | ၁၁ | ၁၁ |
| **တယ်လီဖုန်းလုပ်ငန်း** | | | |
| - တယ်လီဖုန်းရုံး | ၂၇ | ၆၇ | ၄၀ |
| - လိုင်းအင်အား | ၁၀၈၅၈ | ၆၆၆၉၅ | ၅၅၈၃၇ |
| - အိတ်ချိန်း | ၂၇ | ၄၇ | ၂၀ |
| - တိုက်ရိုက်လိုင်း | ၉၃၂၆ | ၅၁၁၄၆ | ၄၁၈၂၀ |
| - အော်တို/လက်သုံးတယ်လီဖုန်း | ၉၃၂၆ | ၃၅၄၀၇ | ၂၆၀၈၁ |
| - အော်တိုရေဒီယိုတယ်လီဖုန်း | မရှိ | ၆၁၉ | ၆၁၉ |
| - CDMA တယ်လီဖုန်း | မရှိ | ၁၉၁၆ | ၁၉၁၆ |
| - ဆယ်လူလာတယ်လီဖုန်း | မရှိ | ၄၀၈၆ | ၄၀၈၆ |
| - DECT တယ်လီဖုန်း | မရှိ | ၁၄၅၀ | ၁၄၅၀ |
| - GSM တယ်လီဖုန်း | မရှိ | ၇၆၆၈ | ၇၆၆၈ |
| - တယ်လီဖုန်းသိပ်သည်းဆ* | ၁.၉၈ | ၆.၈၉ | ၄.၉၁ |
| မိုက္ကရိုဝေ့ဗ်စခန်း | ၁၂ | ၂၀ | ၈ |
| ကျေးလက်တယ်လီဖုန်းအိတ်ချိန်း | မရှိ | ၂၀ | ၂၀ |
| အီးမေးလ်၊အင်တာနက် | မရှိ | ၁၈၁ | ၁၈၁ |
| X.25 Line လိုင်း | မရှိ | ၂၃ | ၂၃ |
| မိုက္ကရိုလင့် | မရှိ | ၆၄ | ၆၄ |

### အော်တိုတယ်လီဖုန်းဌာန၏လိုင်းအားတိုးချဲ့ခြင်း(ဆောင်ရွက်ဆဲ)

၁။ မန္တလေး လိုင်းအင်အား(၃၀၀၀)
၂။ မတ္တရာ လိုင်းအင်အား(၅၀၀)
စုစုပေါင်း လိုင်းအင်အား(၃၅၀၀)

### DECT တယ်လီဖုန်းစီမံကိန်း(ဆောင်ရွက်ဆဲ)

၁။ မန္တလေး လိုင်းအင်အား(၃၀၀၀)

### ဆောင်ရွက်ဆဲနယ်အော်တိုအိတ်ချိန်းစီမံကိန်း

၁။ တောင်သာ လိုင်းအင်အား(၇၀၀)
၂။ မလှိုင် လိုင်းအင်အား(၅၀၀)
၃။ နွားထိုးကြီး လိုင်းအင်အား(၅၀၀)
၄။ ညောင်ဦး(တိုးချဲ့) လိုင်းအင်အား(၅၀၀)
၅။ မြင်းခြံ(တိုးချဲ့) လိုင်းအင်အား(၇၀၀)
စုစုပေါင်း လိုင်းအင်အား(၂၉၀၀)

## လျှပ်စစ်စွမ်းအား

မျက်မှောက်ခေတ်၌ တိုင်းရင်းသားပြည်သူများ လျှပ်စစ်ဓာတ်အား တိုးမြှင့်သုံးစွဲနိုင်ရေး ဦးစားပေးဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံ့လျှပ်စစ်စွမ်းအားမြင့်မားစေရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ၁၂ ခုကို တစ်ပြိုင်တည်း ဆောင်ရွက်နေသည်။

ထိုစီမံကိန်း ၁၂ ခုတွင် မန္တလေးမြို့ အရှေ့တောင်ဘက် (၃၁)မိုင်အကွာ မြစ်ငယ်မြစ်၌ ဆောင်ရွက်နေသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးလည်း ပါဝင်သည်။ တပ်မတော်အစိုးရလက်ထက်၌ မန္တလေးတိုင်းအတွင်း ဆည်တော်ကြီး (၂၅မဂ္ဂါဝပ်)နှင့် ပေါင်းလောင်း (၂၁၀မဂ္ဂါဝပ်)အကြီးစား ရေအားလျှပ်စစ်စက်ရုံနှစ်ရုံနှင့် မိုးကုတ်(၄မဂ္ဂါဝပ်)အလတ်စား ရေအားလျှပ်စစ်စက်ရုံတို့ကို တည်ဆောက်ပေးခဲ့သဖြင့် ၁၉၈၈ ခုနှစ်က စက်တပ်ဆင်အင်အား ၄၅ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ယခုမဂ္ဂါဝပ် ၁၈၀ အထိ ရှိလာခဲ့သည်။

လက်ရှိတည်ဆောက်နေသည့် ရဲရွာစီမံကိန်းမှ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ရရှိမည်ဖြစ်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧**

✧ စာမျက်နှာ ၁၀ မှ

အလားတူ မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်ရရှိမည့် အထက်ပေါင်းလောင်း ရေအား လျှပ်စစ်စီမံကိန်းကိုလည်း တည်ဆောက်ပေးနေသည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ရဲရွာရေအား လျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး–

**"စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် အချိန်ကာလထက် ဖြစ်နိုင်သမျှစော၍ ပြီးစီးအောင် ကြိုးကြိုးစားစား ဆောင်ရွက်၍ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးအဖွဲ့လုပ်ငန်းဟူ၍ သဘောမထားဘဲ လုပ်ငန်းတိုင်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရဲရွာစီမံကိန်းသည် ကြီးမားသည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်၍ ပို၍သတိပြု အလေးထားဂရုစိုက် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း"**

လမ်းညွှန်မှာကြားခဲ့သည်။

၁၉၈၈ ခုနှစ်က မန္တလေးတိုင်း၏ ဓာတ်အားသုံးစွဲနိုင်မှုမှာ ယူနစ်သန်းပေါင်း ၁၈၃ဒသမ၅၉ရှိခဲ့သည်။ ယနေ့ ကာလတွင် ဖွံ့ဖြိုးတိုးတက်လာသော လူမှုစီးပွားရေးဘဝနှင့်အညီ ဓာတ်အားယူနစ်သန်းပေါင်း ၅၁၉ဒသမ၉၃၅အထိ တိုးတက်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ ရဲရွာနှင့် ပေါင်းလောင်းစီမံကိန်း နှစ်ခု ပြီးစီးလျှင် ရှိလာမည့်စက်တပ်ဆင် အင်အားက လက်ရှိအနေအထားထက် လေးဆမျှတက်သွားမည်ဖြစ်ရာ မကြာမီဖြစ်ထွန်းလာမည့် မန္တလေးတိုင်း၏ လူမှုစီးပွားရေးဘဝအချို့ကို အောက်ပါဇယားဖြင့် ချိန်ထိုး၍ကြည့်နိုင်ပေသည်–

**ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း)**

***မဂ္ဂါဝပ်**

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| ဓာတ်အားသုံးစွဲမှု | ၁၈၃.၅၉၀ | ၅၁၉.၉၃၅ | ၃၃၆.၃၄၅ |
| အမြင့်ဆုံးဝန်အား | ၄၅.၀၀၀ | ၁၈၀.၀၀၀ | ၁၃၅.၀၀၀ |
| **လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်မှု** | | | |
| – **တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ** | **၁** | **၄** | **၃** |
| – အကြီးစား(၁၀မဂ္ဂါဝပ်အထက်) | ၁ | ၃ | ၂ |
| – အလတ်စား(၁–၁၀မဂ္ဂါဝပ်) | မရှိ | ၁ | ၁ |
| – စက်တပ်ဆင်အင်အား | ၅၆.၀၀၀ | ၂၉၅.၀၀၀ | ၂၃၉.၀၀၀ |
| – **တည်ဆောက်ဆဲစီမံကိန်းများ** * | မရှိ | ၂ | ၂ |
| – အကြီးစား(၁၀မဂ္ဂါဝပ်အထက်) | မရှိ | ၂ | ၂ |
| – စက်တပ်ဆင်အင်အား | မရှိ | ၉၃၀.၀၀၀ | ၉၃၀.၀၀၀ |
| – ဒီဇယ်ဆီသုံးစက်ရုံ | ၁၀ | ၁၈ | ၈ |
| လက်ရှိစက်တပ်ဆင်အင်အား | ၅၉.၁၀၀ | ၃၁၃.၄၆၀ | ၂၅၄.၃၆၀ |
| ရှိလာမည့်စက်တပ်ဆင်အင်အား | ၅၉.၁၀၀ | ၁၂၄၃.၄၆၀ | ၁၁၈၄.၃၆၀ |

## စက်မှုလက်မှု

လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာနိုင်သည်နှင့်အညီ မန္တလေးတိုင်းမှ ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်လျက်ရှိသည်။ ထို့အတူ မန္တလေးတိုင်း၏ စက်မှုလက်မှုကဏ္ဍကလည်း ထက်ကြပ်မကွာ လိုက်ပါဖွံ့ဖြိုးနေသည်။

နိုင်ငံတော်က စက်မှုအခြေခံရှိထားသောတိုင်းအတွင်း၌ မန္တလေး၊ မြင်းခြံနှင့် မိတ္ထီလာဟူ၍ စက်မှုဇုန်သုံးဇုန် ဖွဲ့စည်းတည်ထောင်ပေးထားသည်။ မန္တလေးစက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၁၁၅၅ ခုအထိရှိပြီး ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၈၈၃ဒသမ၄၄သန်းရှိကာ ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ် ၁၆၀၉၁ ဒသမ ၂၅သန်းအထိ ကိုးဆနီးပါး မြင့်မားလျက်ရှိသည်။

မြင်းခြံစက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၃၁၀ရှိပြီး ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၃၆၆ဒသမ ၃၁သန်းဖြစ်သည်။ ကုန်ထုတ်လုပ်မှုတန်ဖိုး ကျပ် ၉၆၄ဒသမ ၉၅သန်းရှိ၍ သုံးဆနီးပါးတိုးတက်နေသည်။ မိတ္ထီလာစက်မှုဇုန်၌ လုပ်ငန်းပေါင်း ၄၁၆ ခုရှိသည်။ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၄၉၅ဒသမ၇၈သန်းဖြစ်ပြီး ကုန်ထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၃၂၁ဒသမ၀၁သန်းအထိ တိုးတက်နေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်၌ ရေနံချောင်းစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင်–

**"ပြည်တွင်း၌ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ ပန်းဘဲဖိုအဆင့်မျိုးမှ ခေတ်မီ စက်ကိရိယာများသုံးစွဲပြီး အရည်အသွေးရှိသည့် ပစ္စည်းကောင်းများ ထုတ်လုပ်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရရှိစေရန်၊ ပြည်တွင်းဖြစ်ထုတ်ကုန်ပစ္စည်းများကို လွယ်လွယ်ကူကူ ပေါပေါများများ အသုံးပြုနိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စက်မှုဇုန်များကို ဖွဲ့စည်းတည်ထောင်အားပေးခဲ့ခြင်းဖြစ်ကြောင်း။**

**စတင်အကောင်အထည်ဖော်စဉ်က စက်မှုဇုန်များသည် ပန်းဘဲဖိုသာသာ အဆင့်သာရှိခဲ့ရာမှ မိမိတို့၏ အားပေးဖြည့်ဆည်းပေးမှုများကြောင့်လည်းကောင်း၊ လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုများကြောင့်လည်းကောင်း ထူးထူးခြားခြား တိုးတက်အောင်မြင်လာသည့် စက်မှုဇုန်များလည်း ဖြစ်ပေါ်လာခဲ့ကြောင်း။**

**နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲအားပေး ပံ့ပိုးသွားမှာဖြစ်ကြောင်း၊ ဤနေရာတွင် သက်ဆိုင်ရာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် အားပေးသွားရမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏အကျိုး၊ အများပြည်သူ၏ အကျိုးကိုလည်း ထိခိုက်နစ်နာမှုမရှိအောင် သတိပြုလုပ်ကိုင်ဆောင်ရွက်သွားရန် လိုမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ၏ လိုအပ်ချက်များကို အမြဲမပြတ် ညှိနှိုင်းပေါင်းစပ် အားပေးသွားရန် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း။"**

လမ်းညွှန်မှာကြား အားပေးစကားပြောကြားခဲ့သည်။

မန္တလေးတိုင်း၏ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ တိုးတက်မှုမှာလည်း အားရဖွယ်ကောင်းသည်။ ၁၉၈၈ ခုနှစ်က ၄၄၈၅ရုံသာရှိရာမှ ယခု ၄၇၉၅ ရုံတိုးကာ ၉၂၈၀ အထိ ရှိနေပြီဖြစ်သည်။ အိမ်တွင်းစက်မှုလုပ်ငန်း ၁၄၃၅ ရှိထားသည်။ စိုက်ပျိုးရေးနိုင်ငံအဖြစ် စံချိန်တင်ပြီး စက်မှုနိုင်ငံအဖြစ်သို့ စံချိန်ချိုးတော့မည့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရိပ်ရိပ်ကို အောက်ပါဇယားကွက်တွင် ဖြည့်စွက်၍ ကြည့်အပ်ပေသည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **စက်မှုစွမ်းအားမြှင့်တင်ခြင်း** | | | |
| – စက်မှုဇုန်များ | မရှိ | ၃ | ၃ |
| – လုပ်ငန်းပေါင်း | မရှိ | ၁၈၈၁ | ၁၈၈၁ |
| – ပုဂ္ဂလိကစက်ရုံ | ၄၄၈၅ | ၉၂၈၀ | ၄၇၉၅ |
| – အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ | – | ၁၄၃၅ | ၁၄၃၅ |
| **နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ** | **၁၀၂** | **၁၃၈** | **၃၆** |

## သတ္တုနှင့်တွင်းထွက်သယံဇာတ

မန္တလေးတိုင်းတွင် မိုးကုတ်ရတနာမြေရှိသည်။ မျက်မှောက်ခေတ်၌ နိုင်ငံတော်၏အားပေးဖြည့်ဆည်းမှုဖြင့် မန္တလေးတိုင်း၏ သတ္တုနှင့်တွင်းထွက် သယံဇာတကဏ္ဍ ထုတ်လုပ်နိုင်မှုစွမ်းအား ပိုမိုမြင့်မားလာသည်။ ကျောက်မျက်လုပ်ကွက် ၂၄၅ ခုတိုးပြီး ကျောက်မျက်မျိုးစုံ ၂၆၃၉၀၀၀ ကရက် ထုတ်လုပ်နိုင်ခဲ့သည်။ ရွှေ၊ ခဲသတ္တုရိုင်း၊ သွပ်–ခဲသတ္တုရိုင်းနှင့် ခဲမဖြူ အဖြိုက်နက်လုပ်ကွက်များ တိုးပွားနေသည်။ မာဘယ်လ်၊ ခနောက်စိမ်း၊ ဆိုဒီယမ်ကာဘွန်နိတ်၊ မီးခံမြေစေး၊ အောက်ဆိုက်၊ မြေဖယောင်းများ ရှာဖွေထုတ်လုပ်လျက်ရှိသည်။ ကြွေကျောက်၊ ထုံးကျောက်၊ အင်ကြင်းကျောက်၊ ဘရိုက်တီးကျောက်များကို တောက်လျှောက် ထုတ်လုပ်ပေးနေသည်။

## ပညာရေး

မျက်မှောက်ခေတ်ပညာရေးကဏ္ဍ၌လည်း မန္တလေးတိုင်းသည်ထွန်းတောက်နေသည့်ကြယ်တစ်ပွင့် ဖြစ်လာခဲ့သည်။ ပြည်ထောင်စုကြီး၏ ဒေသအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအမံအခင်းအကျင်းများကြောင့် အထက်မြန်မာပြည်၏ မြို့တော်မန္တလေးသည် တက္ကသိုလ်မြို့တော်ဟူ၍ ဂုဏ်ယူတင်စားဖွယ်ဖြစ်လာသည်။ ပညာရေးဝန်ကြီးဌာနက တိုင်းအတွင်း၌ ယခင်မန္တလေး တက္ကသိုလ်တစ်ခုသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်တို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ယခင်ဒေသတွင်း အဆင့်မြင့်ပညာသင်ယူနိုင်သူ နှစ်သောင်းကျော်သာရှိခဲ့ရာမှ ယခု တစ်သိန်းလေးသောင်းနီးပါး တိုးတက်လာသည်။ တိုင်းအတွင်း ကျေးလက်ဒေသများအထိ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး အားပေးခဲ့သဖြင့် အခြေခံပညာကျောင်း ၄၄၆၇ ကျောင်းအထိရှိလာပြီး ကျောင်းသူ၊ ကျောင်းသား ၁၀ သိန်းကျော် ပညာသင်ယူလျက်ရှိသည်။

သူငယ်တန်းကျောင်းဝင်နှုန်းနှင့် တိုင်းအတွင်း စာတတ်မြောက်မှုနှုန်း ရာနှုန်းပြည့်လုနီးပါးရှိလာပြီဖြစ်ရာ ပညာရေး မြို့တော်၊ ပညာရေးတိုင်းအဖြစ် ထွန်းပေါ်လာမည့် မန္တလေးတိုင်း၏ မျက်မှောက်ခေတ်ပညာရေးကဏ္ဍ အညွှန်းကိန်းများကို အောက်ပါဇယားတွင် အားပါးတရတွေ့ရှိရမည်ဖြစ်သည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **အခြေခံပညာပျိုးထောင်မှု** | | | |
| – **ကျောင်းအင်အား** | **၃၆၈၀** | **၄၄၆၇** | **၇၈၇** |
| – အထက်တန်း | ၈၇ | ၂၂၇ | ၁၄၀ |
| – အလယ်တန်း | ၁၈၀ | ၂၃၄ | ၅၄ |
| – မူလတန်းလွန် | မရှိ | ၅၄၁ | ၅၄၁ |
| – မူလတန်း | ၃၄၁၃ | ၃၄၆၅ | ၅၂ |
| – မာလ်တီမီဒီယာစာသင်ခန်း | မရှိ | ၂၀၁ | ၂၀၁ |
| – ဆရာ၊ဆရာမဦးရေ | ၂၂၆၅၃ | ၃၂၆၂၃ | ၉၉၇၀ |
| – ကျောင်းသားဦးရေ | ၇၄၇၁၀၅ | ၁၀၄၅၈၀၃ | ၂၉၈၆၉၈ |
| – **ဆရာအတတ်သင်ပညာရေး** | | | |
| – ပညာရေးကောလိပ် | ၂ | ၂ | အဆင့်တိုးမြှင့် |
| – ဆရာ၊ဆရာမဦးရေ | ၅၉ | ၁၀၀ | ၄၁ |
| – သင်တန်းသားဦးရေ | ၇၈၈ | ၅၄၈၂ | ၄၆၉၄ |
| – **သူငယ်တန်းကျောင်းဝင်နှုန်း** | ၆၈.၄၀% | ၉၇.၄၆% | ၂၉.၀၆% |
| – **သက်ကြီးစာတတ်မြောက်မှုနှုန်း** | ၈၁.၆၉% | ၉၈.၅၀% | ၁၆.၁၈% |
| – **ပညာရေးအဟောသီကံဖြစ်မှုနှုန်း** | | | |
| – မူလတန်းအဆင့် | ၃၈.၆၇% | ၁၄.၉၅% | ၂၃.၇၂% |
| – အလယ်တန်းအဆင့် | ၃၆.၇၇% | ၁၀.၈၇% | ၂၅.၉၀% |
| **အဆင့်မြင့်ပညာမြှင့်တင်မှု** | | | |
| – **တက္ကသိုလ်၊ကောလိပ်၊ ဒီဂရီကောလိပ်** | **၃** | **၁၀** | **၇** |
| – အသက်မွေးဝမ်းကျောင်း တက္ကသိုလ် | ၁ | ၁ | ၀ |
| – ဝိဇ္ဇာသိပ္ပံတက္ကသိုလ် | ၁ | ၆ | ၅ |
| – ဒီဂရီကောလိပ် | မရှိ | ၁ | ၁ |
| – ကောလိပ် | ၁ | ၂ | ၁ |
| – သင်ကြားရေးအစီအစဉ်များ | ၄၄ | ၁၁၈ | ၇၄ |
| – ဆရာ၊ဆရာမဦးရေ | ၁၁၁၅ | ၁၇၁၆ | ၆၀၁ |
| – ကျောင်းသားဦးရေ | ၂၀၁၉၁ | ၁၃၉၈၂၉ | ၁၁၉၆၃၈ |
| – e-Learning Centre | မရှိ | ၇၄ | ၇၄ |
| လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန | မရှိ | ၈ | ၈ |

## သိပ္ပံနှင့်နည်းပညာကဏ္ဍ

မျက်မှောက်ခေတ်၌ ပညာရေးအလင်းရောင် ထွန်းပြောင်လာသော မန္တလေးတိုင်း၏ဂုဏ်ဒြပ်ကို သိပ္ပံနှင့်နည်းပညာ ကဏ္ဍဖြင့်လည်း တောက်ပြောင်အောင် အရောင်တင်ပေးလျက်ရှိသည်။ တပ်မတော်အစိုးရ၏ ဒေသစုံ ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဖြည့်ဆည်းမှုသည် ရေများရာမှာ မိုးမရွာ၊ အလင်းရောင်ပမာ ပြည်မြန်မာတစ်ဝန်း ထွန်းလင်းပေးလျက်ရှိသည်။ ပြည်နယ်/တိုင်းအသီးသီးတွင် ဖွင့်လှစ်ပေးထားသော နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်တို့နှင့် အထက်မြန်မာပြည်တွင် ချိတ်ဆက်မိရန်အတွက် မန္တလေးမြို့၌ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်တို့ကို ဗဟိုပြု၍ ဖွင့်လှစ်ပေးထားသည်။ လေကြောင်းနှင့်အာကာသပညာရှင်များ ပေါ်ထွန်းစေရန်အတွက်လည်း လေကြောင်းဆိုင်ရာ အကွက်အကွင်း အခင်းအကျင်းကောင်းသော မိတ္ထီလာမြို့၌ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို အနာဂတ်အရေး မြော်တွေး၍ ဖွင့်လှစ်ပေးထားသည်။

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| – **နည်းပညာတက္ကသိုလ်(မန္တလေး)** | မရှိ | ၁ | ၁ |
| – သင်တန်းအရေအတွက် | မရှိ | ၇ | ၇ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၉၇ | ၉၇ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၄၀၄၅ | ၄၀၄၅ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၅၁၂၁ | ၅၁၂၁ |
| – **ကွန်ပျူတာတက္ကသိုလ်(မန္တလေး)** | မရှိ | ၁ | ၁ |
| – သင်တန်းအရေအတွက် | မရှိ | ၇ | ၇ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၅၅ | ၅၅ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၉၂၁ | ၉၂၁ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၃၆၆ | ၃၆၆ |
| – **မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(မိတ္ထီလာ)** | **မရှိ** | **၁** | **၁** |
| – သင်တန်းအရေအတွက် | မရှိ | ၄ | ၄ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၅၂ | ၅၂ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | – | – | – |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၁၅၇ | ၁၅၇ |
| – **အစိုးရနည်းပညာကောလိပ်(မန္တလေး)** | မရှိ | ၁ | ၁ |
| – သင်တန်းအရေအတွက် | ၅ | ၁၁ | ၆ |
| – ဆရာ၊ဆရာမဦးရေ | ၆၃ | ၂၅၀ | ၁၈၇ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | ၃၉၅၃ | ၈၆၅၅ | ၄၇၀၂ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၃၀၃၈ | ၃၀၃၈ |
| – **အစိုးရနည်းပညာကောလိပ် (ကျောက်ဆည်)** | **မရှိ** | **၁** | **၁** |
| – သင်တန်းအရေအတွက် | မရှိ | ၁၁ | ၁၁ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၂၈၅ | ၂၈၅ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၂၈၄၆ | ၂၈၄၆ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၁၈၄၄ | ၁၈၄၄ |
| – **အစိုးရနည်းပညာကောလိပ်(မိတ္ထီလာ)** | **မရှိ** | **၁** | **၁** |
| – သင်တန်းအရေအတွက် | ၄ | ၇ | ၃ |
| – ဆရာ၊ဆရာမဦးရေ | ၅၀ | ၁၃၅ | ၈၅ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၅၃၂၉ | ၅၃၂၉ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၁၃၈၂ | ၁၃၈၂ |
| – **အစိုးရကွန်ပျူတာကောလိပ်(မန္တလေး)** | မရှိ | ၁ | ၁ |
| – သင်တန်းအရေအတွက် | မရှိ | ၄ | ၄ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၇၂ | ၇၂ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၅၂၉ | ၅၂၉ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၃၀၉၈ | ၃၀၉၈ |
| – **အစိုးရကွန်ပျူတာကောလိပ်(မိတ္ထီလာ)** | **မရှိ** | **၁** | **၁** |
| – သင်တန်းအရေအတွက် | မရှိ | ၄ | ၄ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၂၀ | ၂၀ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | – | – | – |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၃၇၉ | ၃၇၉ |
| – **အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)** | မရှိ | ၁ | ၁ |
| – သင်တန်းအရေအတွက် | မရှိ | ၄ | ၄ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၅၅ | ၅၅ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၆၂၀ | ၆၂၀ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၃၀၇ | ၃၀၇ |
| – **အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)** | **မရှိ** | **၁** | **၁** |
| – သင်တန်းအရေအတွက် | မရှိ | ၅ | ၅ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၆၀ | ၆၀ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | မရှိ | ၃၇၄ | ၃၇၄ |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၃၃၂ | ၃၃၂ |
| – **အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)** | **မရှိ** | **၁** | **၁** |
| – သင်တန်းအရေအတွက် | မရှိ | ၆ | ၆ |
| – ဆရာ၊ဆရာမဦးရေ | မရှိ | ၄၀ | ၄၀ |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | – | – | – |
| – ကျောင်းသားဦးရေ(လက်ရှိ) | မရှိ | ၆၃၈ | ၆၃၈ |
| – **အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)** | **မရှိ** | **၁** | **၁** |
| – သင်တန်းအရေအတွက် | မရှိ | ၁ | ၁ |
| – ဆရာ၊ဆရာမဦးရေ | – | – | – |
| – ကျောင်းသားဦးရေ(မွေးထုတ်ပြီး) | – | ၂၁ | ၂၁ |
| – ကျောင်းသားဦးရေ(လက်ရှိ) | – | ၁၂ | ၁၂ |
| **စက်မှုလက်မှုအထက်တန်းကျောင်းများ** | **မရှိ** | **၃** | **၃** |
| – စက်မှုလက်မှုအထက်တန်းကျောင်း(မန္တလေး) | မရှိ | ၁ | ၁ |
| – စက်မှုလက်မှုအထက်တန်းကျောင်း (ကျောက်ဆည်) | မရှိ | ၁ | ၁ |
| – စက်မှုလက်မှုအထက်တန်းကျောင်း(မိတ္ထီလာ) | မရှိ | ၁ | ၁ |

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲

▲ စာမျက်နှာ ၁၁ မှ

**ကျန်းမာရေး**

မျက်မှောက်ခေတ်၌ အရပ်ဒေသအနီးအဝေးကြောင့် ခရီးမဝေးစေရ၊ နယ်စပ်ဒေသများလည်း ပညာရေးနှင့် မဝေးစေရ၊ ကျေးလက်ဒေသများလည်း ကျန်းမာရေးနှင့်မဝေးစေရ မူဝါဒဖြင့် ပြည်သူတစ်ရပ်လုံးအကျိုးကိုဖြန့်ကြက်သယ်ပိုး ပေးလျက်ရှိသည်။ ကော်ဖီ မြို့တော်၊ စက်မှုမြို့တော်၊ ပညာရေးမြို့တော်၊ စီးပွားရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် ဖွံ့ဖြိုးရေးမြို့တော်များ ပေါ်ထွန်းလာအောင် ဖော်ဆောင်ပေးနေသည်။ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုဖြင့် မြို့ကြီးများကို ပညာရေး၊ ကျန်းမာရေး အချက်အချာမြို့များအဖြစ် ပျိုးထောင်ပေးနေသည်။

မန္တလေးတိုင်းအတွင်း တိုက်နယ်အဆင့်မှစ၍ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်နည်းတူ အထက်မြန်မာပြည်၏ ကျန်းမာရေးဗဟိုဌာန တစ်ခုအသွင်ဖြင့်လည်း မန္တလေးမြို့တော်ကို ပံ့ဖော်ပေးနေသည်။ မန္တလေး၌ ဆေးနှင့်ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ခြောက်ခုအထိရှိလာပြီး အထူးကုဆေးရုံခုနစ်ရုံ၊ သင်ကြားရေးဆေးရုံနှစ်ရုံအထိ ရှိနေပြီဖြစ်သည်။ မျက်မှောက်ခေတ်၌ ဗလငါးတန်ကြန်အင်လက္ခဏာများဖြင့် မြင့်မားတိုးတက်နေသော မန္တလေးတိုင်း၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုကို အောက်ပါဇယားတွင် တွေ့ရှိနိုင်ပေသည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **ဆေးရုံများတိုးချဲ့မြှင့်တင်မှု** | **၆၇** | **၈၈** | **၂၁** |
| – အထူးကုဆေးရုံ | ၃ | ၇ | ၄ |
| – သင်ကြားရေးဆေးရုံ | ၁ | ၂ | ၁ |
| – ခုတင်(၃၀၀) | မရှိ | ၁ | ၁ |
| – ခုတင်(၂၀၀) | မရှိ | ၂ | ၂ |
| – ခုတင်(၁၅၀) | မရှိ | ၁ | ၁ |
| – ခုတင်(၁၀၀) | ၅ | ၆ | ၁ |
| – ခုတင်(၅၀) | ၅ | ၈ | ၃ |
| – ခုတင်(၂၅) | ၃ | ၈ | ၅ |
| – (၁၆)ခုတင် | ၁၄ | ၉ | အဆင့်တိုးမြှင့် |
| – တိုက်နယ်ဆေးရုံ | ၃၆ | ၄၄ | ၈ |
| **ကျန်းမာရေးလုပ်ငန်းဌာနများ** | **၂၁၆** | **၂၂၃** | **၇** |
| – ကျေးလက်ကျန်းမာရေးဌာန | ၁၅၅ | ၁၅၉ | ၄ |
| – မိခင်ကလေးကျန်းမာရေးဌာန | ၃၆ | ၃၆ | – |
| – ဒေသန္တရကျန်းမာရေးဌာန | ၁၃ | ၁၆ | ၃ |
| – ကျောင်းကျန်းမာရေးအဖွဲ့ | ၁၂ | ၁၂ | – |
| **ကျန်းမာရေးဝန်ထမ်းများ** | **၂၂၇၁** | **၄၈၂၃** | **၂၅၅၁** |
| – ဆရာဝန်(အထူးကု/လက်ထောက်) | ၃၇၃ | ၁၀၁၂ | ၆၃၉ |
| – သူနာပြု | ၄၆၈ | ၁၉၅၀ | ၁၄၈၂ |
| – ကျန်းမာရေးဆရာမ | ၁၉၇ | ၂၁၇ | ၂၀ |
| – သားဖွားဆရာမ | ၉၄၇ | ၁၁၁၇ | ၁၇၀ |
| – ကျွမ်းကျင်ဝန်ထမ်း | ၃၅ | ၁၀၀ | ၆၅ |
| – မြို့နယ်ကျန်းမာရေးမှူး | မရှိ | ၉ | ၉ |
| – လက်ထောက်ကျန်းမာရေးမှူး(၁) | မရှိ | ၃၁ | ၃၁ |
| – လက်ထောက်ကျန်းမာရေးမှူး | ဦး | ၁၁၉ | ၁၆၁၄၂ |
| – ကြီးကြပ်(၁)/(၂) | ၁၃၂ | ၂၂၆ | ၉၄ |
| **တိုင်းရင်းဆေး** | | | |
| – တိုင်းရင်းဆေးရုံ | ၁ | ၁ | – |
| – တိုင်းရင်းဆေးပေးခန်း | ၁၂ | ၂၈ | ၁၆ |
| **သင်တန်းကျောင်းများ** | | | |
| – သူနာပြုသင်တန်းကျောင်း | ၁ | ၂ | ၁ |
| – သားဖွားသင်တန်းကျောင်း | ၂ | ၂ | – |
| **ရောဂါကြီးများပပျောက်ကင်းစင်မှု** | | | |
| – ကျောက်ကြီးရောဂါ | ကင်းစင် | ကင်းစင် | ကင်းစင် |
| – အနာကြီးရောဂါ | – | ကင်းစင် | ကင်းစင် |
| – ပိုလီယိုအကြောသေရောဂါ | – | ကင်းစင် | ကင်းစင် |
| **သေနှုန်းကျဆင်းမှု(လူ၁၀၀၀လျှင်)** | | | |
| – ကျေးလက် | ၉.၉ | ၈.၉ | ၁.၀ |
| – မြို့ပြ | ၇.၁ | ၆.၂ | ၀.၉ |
| **လူ့မျှော်မှန်းသက်တမ်းမြင့်တက်မှု(နှစ်)** | | | |
| – **ကျေးလက်** | | | |
| – အမျိုးသား | ၅၆.၂ | ၆၀.၈ | ၄.၆ |
| – အမျိုးသမီး | ၆၀.၄ | ၆၃.၃ | ၂.၉ |
| – **မြို့ပြ** | | | |
| – အမျိုးသား | ၅၉.၀ | ၆၁.၅ | ၂.၅ |
| – အမျိုးသမီး | ၆၃.၂ | ၆၅.၆ | ၂.၄ |
| **တက္ကသိုလ်များ** | **၁** | **၆** | **၅** |
| – ဆေးတက္ကသိုလ် | ၁ | ၁ | – |
| – သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် | မရှိ | ၁ | ၁ |
| – သူနာပြုတက္ကသိုလ် | မရှိ | ၁ | ၁ |
| – ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် | မရှိ | ၁ | ၁ |
| – ဆေးဘက်ပညာသည်တက္ကသိုလ် | မရှိ | ၁ | ၁ |
| – တိုင်းရင်းဆေးတက္ကသိုလ် | မရှိ | ၁ | ၁ |
| – ဆရာ၊ဆရာမဦးရေ | ၁၆၉ | ၁၃၄၂ | ၁၁၇၃ |
| – ကျောင်းသားဦးရေ | ၁၅၀ | ၇၂၈၇ | ၇၁၃၇ |

**မြို့ရွာစည်ပင်ဖွံ့ဖြိုးတိုးတက်မှု**

တပ်မတော်အစိုးရလက်ထက်တွင် ညီနောင်ပြည်နယ်/တိုင်းများနှင့်အတူ မန္တလေးတိုင်း၏ မြို့ရွာစည်ပင် ဖွံ့ဖြိုးတိုးတက်မှုကလည်း အချိုးကျ လှပနေသည်။ မြို့ပြလမ်းမိုင် ၄၀၀ နီးပါးရှည်လျားလာရာ ကတ္တရာလမ်း ၂၄၆ မိုင်ကျော်ပါသည်။ မြို့ရေပေးရေးဆောင်ရွက်ရန်ရှိသည့် ၂၆ မြို့အနက် ၁၆ မြို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ကျေးလက်များကလည်း လက်တံရှည်လျားစွာဖြင့် မြို့ပြလမ်းများကို ချိတ်ဆက်လျက်ရှိသည်။ ယခင်ကျေးလက်လမ်းမိုင် ၅၀၀ ကျော်သာရှိရာမှ ယခု ၂၇၄၅ မိုင်ကျော် ဖြစ်လာသည်။ ကျေးလက်ရေရရှိရေး စီမံကိန်းဖြင့် တစ်နိုင်ငံလုံး ကွက်ပြည့်နှင်းလျက် ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်း၌လည်း လုပ်ငန်းပေါင်း ၅၂၅၇ ခု ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| **မြို့ပြဖွံ့ဖြိုးမှု** | | | |
| – **မြို့ပြလမ်းများ(မိုင်)** | **၃၀၃/၄** | **၇၀၂/၆** | **၃၉၉/၂** |
| – ကတ္တရာလမ်းမိုင် | ၁၀၁/၆ | ၂၄၆/၁ | ၁၄၄/၃ |
| – ကျောက်လမ်းမိုင် | ၁၂၃/၅ | ၁၄၂/၁ | ၁၈/၄ |
| – ဂဝံလမ်းမိုင် | ၄၉/၅ | ၉/၄ | အဆင့်မြှင့်တင် |
| – မြေလမ်းမိုင် | ၂၈/၄ | ၃၀၅/၀ | ၂၇၆/၄ |
| – **မြို့ပြတံတားများ** | **–** | **၁၂၄၄** | **၁၂၄၄** |
| – **မြို့ရေပေးရေးလုပ်ငန်း** | | | |
| – ဆောင်ရွက်ရမည့်မြို့နယ် | ၂၆ | ၁၀ | ၁၆ |
| – ပြီးစီးသည့်လုပ်ငန်း | ၁၀ | ၁၆ | ၆ |
| **ကျေးလက်ဖွံ့ဖြိုးမှု** | | | |
| – **ကျေးလက်လမ်းများ(မိုင်)** | **၅၃၂/၆** | **၂၇၄၅/၄** | **၂၂၁၂/၆** |
| – ကတ္တရာလမ်းမိုင် | ၄၀/၀ | ၁၇၃/၇ | ၁၃၃/၇ |
| – ကျောက်လမ်းမိုင် | ၁၄၉/၂ | ၆၄၂/၆ | ၄၉၃/၄ |
| – ဂဝံလမ်းမိုင် | ၂၄၂/၄ | ၁၈၂/၁ | အဆင့်မြှင့်တင် |
| – မြေလမ်းမိုင် | ၁၀၁/၀ | ၁၇၄၆/၆ | ၁၆၄၅/၆ |
| – **ကျေးလက်တံတားများ** | **–** | **၅၉၈** | **၅၉၈** |
| – **ကျေးလက်ရေရရှိရေး** | | | |
| – ဆောင်ရွက်ရမည့်ကျေးရွာ | ၄၁၁၉ | ၅၀၇ | ၃၆၁၂ |
| – ပြီးစီးသည့်လုပ်ငန်း | မရှိ | ၅၂၅၇ | ၅၂၅၇ |
| – **ကျေးလက်အိမ်ရာ** | **မရှိ** | **၂၈၃** | **၂၈၃** |

**ပြည်ထောင်စုနှင့်လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု**

မျက်မှောက်ခေတ်၌ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနည်းပညာကဏ္ဍတို့ဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားရေးကို အမျိုးသားရေးအဖြစ် ဖော်ဆောင်ပေးနေသည်။ ထိုအပြင် အခြားကဏ္ဍများလည်း ပြိုင်တူဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်လျက်ရှိသည်။ မန္တလေးတိုင်းအတွင်း၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်ပေးထားသည်။ ယဉ်ကျေးမှုတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သမဝါယမကောလိပ်၊ ယွန်းပညာကောလိပ် စသည်တို့ဖြင့် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးရေးကို သယ်ပိုးမည့် ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးကဏ္ဍ**

ယနေ့အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုလျက် နယ်စပ်နှင့်ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းသာယာလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိရပ်ရွာဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားကြရသည်။ မိမိမြို့ပြ၏ ယခင်နှင့်မတူ တစ်မူထူးခြားလာသော ပြောင်းလဲဖြစ်ထွန်းမှုများကို ကိုယ်တွေ့မျက်မြင် နေ့စဉ်ထိတွေ့ခံစားကြရသည်။ တစ်ပြည်လုံးအတိုင်းအတာဖြင့် တစ်ပြေးညီတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်နေပုံအလုံးစုံကိုမူ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာနှင့် စာနယ်ဇင်းတို့မှတစ်ဆင့် မြင်ရ၊ တွေ့ရ၊ ကြားကြရသည်။

တစ်ပြည်လုံး၊ တစ်မျိုးသားလုံး ကျန်းမာချမ်းသာမှ နိုင်ငံကျန်းမာချမ်းသာသည်ဟု ဆိုနိုင်သည်။ တစ်ပြည်လုံး၊ ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရမည်။ တပ်မတော်အစိုးရက တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘက်စုံသယ်ပိုးနေပုံများကို ပြန်ကြားရေးကဏ္ဍဖြင့် ပြည်သူ့နှလုံးသားနှင့် ဦးနှောက်များထံသို့ ပို့ဆောင်သတင်းပေးလျက်ရှိနေပေသည်။ မျက်မှောက်ခေတ်၌ ညီနောင်ပြည်နယ်/ တိုင်းများနည်းတူ မန္တလေးတိုင်းကလည်း စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ အားကြိုးမာန်တက် ချီတက်လျက် ရှိနေပါကြောင်း အောက်ပါဇယားမှ တစ်ဆင့် သတင်းကောင်းပါးအပ်ပေသည်–

| အမျိုးအမည် | ၁၉၈၈ | ၁၂–၂–၂၀၀၅ | တိုးတက်မှု |
|---|---|---|---|
| – ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ | ၂ | ၄ | ၂ |
| – ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ | ၁ | ၄ | ၃ |
| – ပြန်/ဆက်ရုံးများ | မရှိ | ၃၃ | ၃၃ |
| – ပြန်/ဆက်စာကြည့်တိုက်များ | ၁၂ | ၃၃ | ၂၁ |
| – ဌာနဆိုင်ရာစာကြည့်တိုက် | – | ၁၈ | ၁၈ |
| – ကျေးလက်စာကြည့်တိုက် | – | ၂၃၅၀ | ၂၃၅၀ |
| – e-Library များ | မရှိ | ၂၃ | ၂၃ |
| – ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) | မရှိ | ၁ | ၁ |



**အမှတ်(၂)ဆင်မင်း ဘိလပ်မြေစက်ရုံ**

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ နွားလည်ကောက်တောင်ခြေအနီး တည်ဆောက်ထားသည့် အမှတ်(၂) ဆင်မင်း ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

# ပုသိမ်–မော်တင်စွန်းယာဉ်လိုင်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ဧရာဝတီတိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ ပုသိမ်–မော်တင်စွန်း မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီတွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ ငွေဆောင်ဇက်ဆိပ်၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ပုသိမ်အနောက်ဘက် ပင်လယ်ကမ်းခြေဒေသဖြစ်သော ဟိုင်းကြီးမြို့နှင့် ငရုတ်ကောင်းမြို့တို့ကို ဖြတ်သန်းပြေးဆွဲမည့် မော်တော်ယာဉ်လိုင်း ဖွင့်လှစ်နိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် တိုင်းပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလျှန်ရပ်စ်သောင်းတို့က မော်တော်ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပုသိမ်မှ မော်တင်စွန်းသို့ မော်တော်ယာဉ်များ စတင်ပြေးဆွဲမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ မော်တော်ယာဉ်လိုင်းသစ်ဖွင့်လှစ်နိုင်ခြင်းကြောင့် ပုသိမ်–မော်တင်စွန်းလမ်းတစ်လျှောက် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် ပုသိမ်သို့ သွားရောက်၍ ၎င်းမှတစ်ဆင့် မော်တင်စွန်းသို့ ကုန်းလမ်းခရီးဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



ဧရာဝတီတိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ ပုသိမ်–မော်တင်စွန်း မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပုသိမ်မှ မော်တင်စွန်းသို့ မော်တော်ယာဉ်များ စတင်ပြေးဆွဲစဉ်။

(ဧရာဝတီတိုင်း)

# ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဗီဒီယို/ ဗွီစီဒီ လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား ဗီဒီယို/ဗွီစီဒီလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။** (အောက်ပုံ)

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝန်ကြီးက ရှင်းလင်းပြောကြားရာတွင် ဗီဒီယို/ဗီစီဒီ လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ခွင့်ပြုလုပ်ကိုင်စေလျက်ရှိရာတွင် အချို့သော လုပ်ငန်းရှင်များ အနေဖြင့် စည်းကမ်းသတ်မှတ်ချက်များကို ကျော်လွန်ဖောက်ဖျက်၍ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဘက်များ၊ မှုခင်းဖြစ်ပွားစေရန် လှုံ့ဆော်မှုများ အပါအဝင် အများပြည်သူများအား ပြသရန် မသင့်လျော်သည့် ဆင်ဆာမဲ့ နိုင်ငံခြားဗီဒီယို/ဗွီစီဒီ ဇာတ်လမ်းများကို ရောင်းချငှားရမ်း ပြသလျက်ရှိနေကြောင်း သိရှိရသဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မလိုက်နာသူများကို ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

(သတင်းစဉ်)





# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၃–၂–၂၀၀၅ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် ပဋိစ္စသမုပ္ပါဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်

International River

(တတိယနှစ်–ပထဝီဝင်)

- ၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျာ" (အပိုင်း–၁၁)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **English Premier League ဘောလုံးပွဲ Manchester City Vs Manchester United (Delay)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

# လားရှိုးမြို့တွင် စာပေဟောပြောပွဲကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် မွန်းတည့် ၁၂ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစာနယ်ဇင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးသိန်းဟန် (ရာမညသွေးမွန်)က ဖတ်ကြားသည်။

**ဟောပြော**

ထို့နောက်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကဒေါက်တာကမ္ဘောဇခင်လှိုင်က မိတ်ဆက်အမှာစကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ ဒါရိုက်တာ မောင်ဝဏ္ဏ၊ ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောကြသည်။

ဆက်လက်၍ လားရှိုးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘိုနီ (ဘိုနီ–သတင်းထောက်)က စာရေးဆရာများသို့ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြောင်း သိရသည်။

(က–ပ)



# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ် မင်းတပ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများနှင့် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက်တွင် မင်းတပ်မြို့နယ် ခွီးရိန်စံပြကျေးရွာသို့ ရောက်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ခွီးရိန်–အွယ်ရေး–စပ်ကောက်–ရမ်ပန်းကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ လမ်းအရှည် ၁၁မိုင်ရှိ မြေသားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**

ဆက်လက်၍ ခွီးရိန်ကျေးရွာအတွင်း မွေးမြူထားသော နွားနောက်မွေးမြူရေးခြံကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မသုမ်နူးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းကိုကြည့်ရှုသည်။ထို့နောက် ပလိပ်တွီကျေးရွာသို့ ရောက်ရှိ၍ တောင်ပုလုမင်္ဂလာသီရိကျောင်း (၂) ဆရာတော် ဦးနိမလနှင့် ဦးနန္ဒဝန်တို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၇ရက်တွင် ခွီးရိန် စံပြကျေးရွာအတွင်း စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် မင်းတပ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ ရောက်ရှိ၍ ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တ ခေမိန္ဒအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဒေသခံတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအတွက် အဝတ်အထည်များပေးအပ်လှူဒါန်းသည်။ ထို့နောက် တောင်ပုလု ပရိယတ္တိပဋိပတ္တိတိုက်ခွဲသို့ ရောက်ရှိ၍ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသီရိအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဒေသခံတိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လိမ္မဆန်ကျေးရွာသို့ရောက်ရှိပြီး မိုင် ၇၀ရှည် မင်းတပ်–အောင်ချိုင့်–ဆာဒူး–မကွီအိမ်နူးလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ကျေးရွာသူ၊ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် မင်းတပ်–ရှစ်–တွီလီ–မုန်းချောင်းလမ်း ဖောက်လုပ်ပြီးစီးနေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ ရှစ်ကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကူညီပံ့ပိုးငွေနှင့်ဒေသခံပြည်သူလူထုတို့ ပူးပေါင်း ဆောင်ရွက်သည့် ရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲသို့ တက်ရောက်ကာ အထိမ်းအမှတ်ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားများအတွက် အလှူရှင် ဒေါ်သီတာဖော် လှူဒါန်းသော ရောင်စုံရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တုစလောင်း တစ်စုံကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလအတွက်**

**(၁၃–၂–၂၀၀၅)ရက်နေ့**

**နှင့်**

**(၂၇–၂–၂၀၀၅)ရက်နေ့**

# (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပ
# ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေဖတ်ကြား



ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့ ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဖတ်ကြားစဉ်။ (သတင်းစဉ်)




## ကြေးမုံ The Mirror
## (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု
## အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု



* ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်၏ **"ပြည်မြန်မာ ပြည်ထောင်စုပေမို့ တည်ထောင်ပြုညီညာ"**
*(စည်တော်သံ) စာမျက်နှာ(၅)*

* သီဟအောင်၏ **"စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော မန္တလေးတိုင်း"**
*(ဆောင်းပါး) စာမျက်နှာ(၈-၉-၁၀-၁၁)*

## အမျိုးသားညီလာခံ တက်ရောက်ရန် ကချင်ပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၁၁ဦး ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကချင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၁ဦးသည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူး၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဆပ်ကော်မတီဝင်များက ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။ (သတင်းစဉ်)



အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး